စိတ်ကူးချိုချိုအနုပညာ
mgyoe.com

'လောကလူဘုံ' သည် မျက်မှောက် ခေတ်အတွက် 'မျက်ရှုကြေးမုံ' ဘဝအစုံစုံတွင် ခုံမင်တွယ်တာမှု မှန်သမျှ လောဘတဏှာကြောင့် လူသားများကိုယ့်ကျင့်တရား ပျက်ပြားနေကြရပုံ....။ပြည်သူနှင့်အစိုးရ....။ကမ္ဘာနှင့်လူသား....၊ ထိတွေ့ဆက်ဆံမှု....၊ ဖြစ်ပုံပျက်ပုံ အလုံးစုံကို သတိသမ္ပဇဉ် ဉာဏ်အမြင်ဖြင့် ဆင်ခြင်ရှုစရာ....လိုက်နာမှတ်သားပြုမြင်စရာများအား ခရေစေ့တွင်းကျ စေ့စေ့စပ်စပ် ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

'လောကဘုံ' သည် လောကရေးရာ ဟူသမျှအတတ်နိုင်ဆုံး....အစုံအလင်ဆုံး ထုတ်ဖော်တင်ပြရာ၌ ဓမ္မကြောင်းကို လောကအမြင်၊ အကြား၊ အတွေ့ဖြင့် နှိုင်းယှဉ်လျက် မြန်မာဝေါဟာရစကားလုံးများအား ရွေးချယ်ကာမြန်မာစာ သက်သက်မျှ တတ်ကျွမ်းသူများအဘို့ နားရှင်းစေသမျှ လိုက်နာကျင့်သုံးနိုင်ရန် ရေးသားထားခြင်းဖြစ်ပါသည်။




# လောကလူဘုံ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com



ISBN 9789997130075
ANB133
9 789997 130075
3,500.00KS

mgyoe.com

လောကလှူဘုံ၊ စစ်ကိုင်းဦးဘိုးသင်း
စာမျက်နှာ ၂၅၆  မျက်နှာ၊ ၁၃ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀။
၁၉၆၆ ၊ စန္ဒာဝင်းစာအုပ်တိုက်၏ ပထမအကြိမ်မှု

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | နိဒါန်း | ၁ |
| (၁) | စိတ်ကို တည်ကြည်နိုင်သမျှ တည်ကြည်ပါစေ | ၈ |
| (၂) | မပြုံးနှင့် | ၂၅ |
| (၃) | ပေါင်းသင်းဆက်ဆံရေးနှင့် ပုံဝါဒ | ၄၀ |
| (၄) | ပေါင်းခြင်း | ၄၃ |
| (၅) | လောကလူ့ဘုံတွင် | ၆၀ |
| (၆) | မကောင်းခြင်းသည် မကောင်းခြင်းကြောင့် | ၁၀၀ |
| (၇) | ထိုက်သလို တွေ့ရမည် | ၁၂၂ |
| (၈) | ချမ်းသာရမည် | ၁၃၈ |
| (၉) | သဘောအမျိုးမျိုး | ၁၆၄ |
| (၁၀) | အလင်းရောင် | ၁၉၄ |
| (၁၁) | ကမ္ဘာနှင့် ငတ်မွတ်ခြင်းဘေး | ၂၂၀ |
| (၁၂) | နိဂုံး | ၂၄၁ |


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

ကျွန်ုပ် (ကျွန်ုပ်နှင့် ကျွန်နုပ် မတူ အလွန်ခြားနားသည်) သူ့အမြင်နှင့် သူ့အတွေးခေါ် စာပဒေသာကို ကောဒသမတွဲ၊ ဒွါဒသမတွဲအထိ ရေးဖို့ရန် အကြံပြုထားသည်။ ထိုအကြံကို ပယ်ထုတ်လိုက်ပြီ။ သဘောမှာ ဤသို့ဖြစ်နေသည်။

ကျွန်ုပ် အစားအစာကို အရက်နှစ်ဆယ်လောက် မစားမသောက်နိုင်ဘဲ ရှိနေ၍ ညအချိန် လူမမာ လာမေးကြသောသူများသည် တစ်ယောက်တစ်ပေါက်နှင့် နားငြီးလောက်အောင် ဤသို့ ၎င်းတို့ချင်း ရယ်ကာမောကာနှင့် ပြောနေကြသည်။

လူတစ်ယောက်က ဈေးဖွင့်လျှင်ဖွင့်ချင်း လာပြီးလျှင် ခင်ဗျားတို့ကို ဖမ်းလိမ့်မယ်။ ခင်ဗျားတို့မှာပါတဲ့ ထန်းလျက်၊ ပဲဆန်၊ ဆီ စသည်တို့ကို ဒိုင်မှာ သွားရောင်းကြ။ ချက်ချင်း ငွေပေးလိမ့်မယ်ဟု စေတနာနှင့် ပြောလေသည်။

အလင်းထဲက သူခိုးမတို့သည် ထိုပြောသူကို ကျောပေး၍ အရေးမလုပ်ဘဲ နေကြလေ၏။

mgyoe.com

mgyoe.com


အတော်နေမြင့်သောအခါ ဖမ်းသူတို့သည် ဈေးထဲသို့ ရောက်လာကြ၍ နန္ဒင်းမှုန့်၊ ပဲဆန် အနည်းငယ်၊ ပဲတီဆန်မှ မကြွင်း ဖမ်းသူတို့သည် ဖမ်းယူ သိမ်းဆည်းကြလေ၏။ သို့သော် ဖမ်းယူသူတို့ထက် ရောင်းသူမှောင်ခိုသမတို့က များနေသောကြောင့် လျှို့ဝှက်ကာ ကဲ့ထားကြရာမှ အရပ်ထဲမှ သွေးစုပ်ခြင်ကောင်မများက ယူကြလေ၏။ ဖမ်းသူရော၊ ရောင်းသူပါ အချောင်နိုက်သူတို့နှင့် ပွေရှုပ်နေကြသည်မှာ ဓာတ်ရှင်ကားကောင်းတစ်ခုကို ကြည့်ရသကဲ့သို့ ဖြစ်နေကြလေ၏။

ထိုသို့ဖမ်း၍ ရဲဌာနသို့ ပို့လိုက်ရာ မြင်းလှည်းနှင့်ပင် ကြားကြ၍ လမ်းတွင် ကဲ့ဝှက် ချထားကြပြီးလျှင် တစ်တောင်းမှ တစ်ဝက်၊ နှစ်ပိဿာမှ တစ်ပိဿာခန့်သာ ရောက်ကြရပုံရှိ၏။

အချို့မှာ ရဲဌာနသို့ ရောက်ပြီးမှ ပြန်အလာတွင် ရဲဌာန၌ သိမ်းထားနှင့်ပြီးဖြစ်သော အချို့ပစ္စည်း ဖျင်နီစ စသည်တို့ကို အချောင်သုတ်၍ပင် ပြန်လာကြ၍ အမြတ်ရသေးသည်ဟုပင် ပြောကြသေး၏တဲ့။

သို့ကလို ကမောက်ကမ ဖြစ်နေ၍ ကျွန်ုပ်လည်း နားမကြားချင်သဖြင့် ဘာကြောင့် မှောင်ခိုပစ္စည်းများကို ဝယ်ကြသလဲ၊ မှောင်ခိုသမားများအား အားပေးနေလျှင် မှောင်ခိုသဘော ဘယ်တော့ ပျောက်မလဲဟု ကြားဝင်ကာ ပြောဆိုမိရာ မှောင်ခိုသမားများထံမှာ မဝယ်ရင် စားဖို့အခက်ဟု ပြောကြ၏။

အစိုးရဆိုင်မှာ နန္ဒင်းမှုန့်နှင့် ငရုတ်သီးမှုန့် ဝယ်လို့ရပါမလား။ ပဲဆန် စသည်တို့ ဝယ်လို့ ရပါမလား။ ကြက်သွန်ကို ပုပ်မှ... သွန်မှဆိုင်တင်၊ ငါးခြောက်ကို ပုပ်လုနီးမှ ဆိုင်တင်၊ ဆီကို ရှိတုန်းမှာ မပေး၊ ပုပ်တော့မှ ဆပ်ပြာလုပ်သူထံမှာ လျှော့ရောင်း စသည်ဖြင့် ပွစနကြဲအောင် ပြောကြ၍ တန်တော့ နားငြီးလှပြီဟု လူမမာ လာမေးသူများကို ငေါက်ရတော့ပြီ။

ကျွန်ုပ်ကား ထိုနေ့ညအဖို့၌ ထိုသို့ စိတ်ကစားမိပေတော့ပြီ။

ငါတို့တိုင်းပြည်သည် လွတ်လပ်ရေး ရပြီးသည့်နောက် ဤ ကဲ့သို့ ဤမျှလောက် နားမချမ်းသာအောင် ကြားသိရလိမ့်မည်ဟု မည်သို့မျှ

mgyoe.com

mgyoe.com


မထင်မိပေ။ ငါသည် ကရင်သူပုန်များ စစ်ကိုင်းသို့ လာတိုက်သောအခါ တောခိုရဲဘော်များကို သိမ်းသွင်း၍ မောင်းလွှတ်လိုက်မိသည်မှာ မှားခဲ့သလောဟုပင် တွေးဆပြီးလျှင် အိပ်ပျော်သွားမိ၏။

နောက်တစ်နေ့နံနက်သော် အနည်းငယ် စားနိုင်သောက်နိုင်၍ ဤသို့ စဉ်းစားမိ၏။

လောကလူ့ဘုံ ဆိုသည် အခက်သားကလား။ 'ခွေးတောက် မြစ်ယှက် စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်း' ဟု ငယ်ငယ်က စတုဓမ္မသာရ ကိုးခန်းပျို့ သင်ရာတွင် ဆရာသင်ကြားခြင်းကို ထိုသို့ တွေးဆမိတော့၏။

ဘုရင်မင်းတစ်ပါးသည် ရေကစားရာ မြစ်ညာမှ မျောလာသည့် အိုးစရည်းခန့် ပမာဏရှိ သရက်သီးကြီးတစ်လုံးကို ရရှိလေ၏။

မင်းကြီးသည် ပညာရှိများအား မေးမြန်းစုံစမ်း၍ သရက်သီး ဖြစ်ကြောင်းကို သိသောအခါ စားတော်ကဲအား စားစေရာ စားတော်ကဲ သည် စားကြည့်လေ၍ ကိုယ်တွင်း၌ ခက်မငါးဖြာထိ စိမ့်ဖြန်းသွား အောင် အရသာရှိကြောင်းကို တင်လေ၏။

မင်းကြီးသည် ထိုသရက်သီးကို မိမိနှင့်တကွ နန်းတွင်းသူ နန်း တွင်းသား မှူးမတ်တို့အား စားစေရာ အလွန့်အလွန် အရသာရှိကြောင်း ကို တညီတည်း တင်ကြသဖြင့် ထိုသရက်သီးကို အဗ္ဘန္တရသရက်သီး ဟု အမည်တပ်ပြီးသော် ဥယျာဉ်မှူးအား ကောင်းစွာစိုက်ပျိုး ပြုစုတော် မူလေသည်။

လောက၌ လူတို့မည်သည် တစ်ဦးတစ်ယောက်တည်း အေးချမ်း စွာနေသည်ဟု ထင်မှတ်ကြကောင်း ထင်မှတ်ကြပေလိမ့်မည်။ တစ်ဦး တစ်ယောက်တည်းဘာသာ နေသူ မရှိသလောဟု စောဒကပြုဖွယ် ဖြစ် သည်။ ရှိကောင်း ရှိပေမည်၊ သို့သော် ရှားပေလိမ့်မည်။

အများအားဖြင့် လူသည် မိမိဘာသာ တစ်ကိုယ်တည်း မနေလို၍ သူတစ်ပါးထံသို့ မိမိနှင့် စက်ကျရာ၊ သဘောတူရာထံသို့ရောက်ကာ ပေါင်းသင်းနေတတ်၏။ သူတစ်ပါးကလည်း မိမိထံ လာရောက် ဝင်

mgyoe.com

mgyoe.com


ထွက်၍ ပေါင်းသင်းနေတတ်၏။ ဤသည်လျှင် အချင်းချင်း ပေါင်းသင်း ရောနှောကာနေထိုင်ခြင်း ဖြစ်လာတတ်၏။ ဤသည်ကို မိမိအား တကယ့်ပညာတတ်ကြီးဟု လောကကို လှည့်စားလိုသူများက လူသာမန်တို့ နားမလည်နိုင်သော စကားမျိုးဖြစ်သည့် အညမညပစ္စယော၊ သဘာဝဓမ္မသဘောဟု ပြောဆိုတတ်ကြ၏။

အမှန်စင်စစ်သော်ကား လူနှင့်လူချင်း သဘောတိုက်ဆိုင်ရာ၌ နှစ်နှစ်ကာကာဖြစ်စေ၊ သဘောမတိုက်ဆိုင်ရာ၌ အချင်းချင်း သဘောရောနှောကာဖြစ်စေ၊ လူနှင့်လူချင်းသာ ပေါင်းသင်းညာဝါးအဖြစ်နှင့် ရောနှောကာ ပေါင်းသင်းခြင်းဖြစ်စေ ကွင်းဆက်သဘောပြုကာ ရောနှောပေါင်းသင်း နေထိုင်တတ်ကြလေသည်။

ထိုသဘောအားဖြင့် လောကမှာ မီးများမီး၊ ရေများရေဟု စကားပြုလာကြလေသည်။ စင်စစ်သော်ကား အကျင့်အားလျော်စွာ ပေါ်ပေါက်ရသည့်သဘောဖြစ်သည်။

ထို့ကြောင့် အရှင်မဟာရဋ္ဌသာရ ကိုယ်တော်က စတုဓမ္မသာရ ကိုးခန်းပျို့တွင် 'ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏' ဟု ထည့်သွင်းရေးသားထားသည့်အတိုင်း ဆရာ၏ သင်ကြားချက်ကို ခံယူခဲ့ရသည်နှင့်အညီ ဝတ္ထုကြောင်းကို အကျဉ်းရုံး၍ ဖော်ပြပါဦးမည်။

ဘုရင်မင်းမြတ်သည် ဥယျာဉ်မှူးအား သရက်စေ့ကို စိုက်စေရာ ဥယျာဉ်မှူး၏ အတတ်ပညာအားကြောင့် သုံးနှစ်နှင့်ပင် ကောင်းစွာသီး၍၊ ကောင်းမွန်သော ပြကတေ့ဖြစ်သည့် အရသာကို ဆောင်လေတော့သည်။

ဘုရင်မင်းမြတ်သည်ကား နှလုံးထား အလွန့်အလွန် ပြည့်ဝသော မင်းကြီး ဖြစ်သည့်အားလျော်စွာ အခြား ပြည်ထောင်မင်း အချင်းချင်းများ၏ထံသို့ လက်ဆောင်ပို့ဆက်စေလေ၏။ ထိုဘုရင်မင်းမြတ်၊ မှူးကြီးမတ်ကြီးတို့ကား နှလုံးမဖြောင့်သူများ ဖြစ်ကြကုန်၏။

မှူးမတ်တို့သည် ထိုသို့ နှလုံးမဖြောင့်ကြသောကြောင့် အခြား

mgyoe.com

mgyoe.com


ဘုရင်မင်းမြတ်များထံသို့ ပို့သော အဗ္ဗန္တရသရက်သီးများကို မျိုးမအောင် ဖန်တီး၍ ပို့ကြလေ၏။ ထိုသို့သော သဘောတို့ကို နှစ်နှစ် သုံးနှစ် ရှိသောအခါ အခြား ပြည်ထောင်ရှိ စိစစ်တတ်သော တိုင်းပြည်က သိရှိလေ၏။

စင်စစ် ထိုသဘောသည် လူတို့၌ ဖြစ်ပေါ်တတ်သော သဘာဝ တစ်ခု ဖြစ်၏။ ထိုသဘောမျိုးကို လူတိုင်းဖြစ်ရမည်ဟု မဆိုတုံသော် လည်း ထိုသို့ စဉ်းလဲခြင်းဖြစ်၍ မဖြောင့်မတ်သော နှလုံးကောင်းရှိသူတို့ များတတ်ချေ၏။ ထိုသဘောလောကသည် (ဝါ) လူ့ဘုံသည် ပြေပြစ် ပါပေသည်ဟု ရှိသောခေတ် အလွန်နည်းပေသည်။

ယခုခေတ်ကြီး၌ လူများကို မရှုမလှ သေစေတတ်သော၊ လောက ကို မရှုမလှ ပျက်စီးစေတတ်သော လက်နက်သစ် လက်နက်ဆန်းများ ကို အခြားတိုင်းပြည်များက မသိမတတ် မလုပ်နိုင်စေရန် လျှို့ဝှက်၍ ကြံစည်လုပ်ကိုင်ကြ၏။ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး စသည်တို့ကိုလည်း ထိုနည်းတူ လျှို့ဝှက်၍ အခြားတိုင်းပြည်များ မသိရအောင် ကြံဆောင် လုပ်ကိုင်ကြ၏။ ထိုသို့သော သဘောတို့သည် မဖြူဖြောင့်သော စိတ် ထားရှိကြောင်းကို အတိအလင်း ဝန်ခံထားရာ ရောက်နေပေ၏။

မဖြူဖြောင့်သော တိုင်းပြည်တစ်ပြည်ကို လောကသည် အားကိုး အားထားပြုရန် ရဲရင့်နိုင်ဖို့ လွယ်ကူလျှင် သူ့ကျွန် သူ့နောက်လိုက်ပြု ရန် သဘောတူရာ ရောက်မရောက် စဉ်းစားရမည်။

အဗ္ဗန္တရသရက်သီး မျိုးစေ့ကို မပြန့်ပွားရအောင် ရှိသော တိုင်း ပြည်က ဆောင်ရွက်သဖြင့် အခြားတိုင်းပြည်ကလည်း ထိုအဗ္ဗန္တရ သရက်သီးပင် ပျက်စီးအောင် ကြံဆောင်လာပေမည်။ ဤသည် လောက၏ ကွင်းဆက်သဘော ဖြစ်သည်။

ထိုအဗ္ဗန္တရသရက်ပင် ပိုင်ရှင်ဖြစ်သော ဘုရင်မင်းမြတ်ထံ ဥယျာဉ်မှူးတစ်ယောက်သည် ခစားလာ၍ သရက်သီးကို အချိန်မရွေး တစ်ဆယ့်နှစ်ရာသီ ပွင့်သီးနေအောင် စွမ်းဆောင်နိုင်ကြောင်းနှင့် တင်လေ ၏။ ထို့ကြောင့် ဘုရင်မင်းမြတ်သည် ဥယျာဉ်မှူးဟောင်းနှင့် တွဲဖက်

mgyoe.com

mgyoe.com


လုပ်ကိုင်ရန် ခန့်ထားလေ၏။

ဥယျာဉ်မှူးသစ်ကား အတတ်ပညာရှိ၏။ အပေါင်းအသင်း လိမ္မာ၏။ ၎င်း ထင်သည့်အတိုင်း အဗ္ဗန္တရသရက်ပင်သည် တစ်ဆယ့်နှစ်ရာသီ ဖူးပွင့်ကာ သီးသဖြင့် မင်းကြီးသည် အထူးသဘောကျပြီးလျှင် အထူးမြှောက်စားခြင်းကို ဥယျာဉ်မှူးသစ်အား ပြုလေ၏။

ဥယျာဉ်မှူးသစ်ကား အလွန်လိမ္မာကျွမ်းကျင်သဖြင့် ဥယျာဉ်မှူးဟောင်းနှင့် တံစိုးပြုကာ ပေါင်းသင်းဆက်ဆံနေ၍ ဥယျာဉ်မှူးဟောင်းသည် ဥယျာဉ်မှူးသစ်၏ အလိုအတိုင်း လိုက်လျောကာ ပြုကျင့်လုပ်ကိုင် ကျင့်သုံးနေလေ၏။

(လောက၌ လိမ္မာကျွမ်းကျင်သူ၏ တံစိုးတို့သည် လူများ၏ အပေါ်၌ မိမိ၏အလိုအတိုင်း ပြည့်စုံနိုင်တတ်၏)

ဥယျာဉ်မှူးသည် ခွေးတောက်ပင်များကို သရက်ပင်နှင့် မနီးမဝေးတွင် များစွာစိုက်၍ ခွေးတောက်မြစ်များနှင့် သရက်ပင်၏ အမြစ်များကို ရောယှက်စေလေ၏။ ၎င်းသည် ၎င်း၏အကြံအစည်အတိုင်း ပြည့်စုံသောအခါ အမှတ်မဲ့ပြု၍ ထွက်ခွာသွားလေတော့ပြီ။

အဗ္ဗန္တရသရက်သီးပင်ကား သီးသောအခါ ချိုသောအရသာကို မဆောင်တော့ဘဲ အခါးအရသာကို ပေါ်စေလေသည့်ပြင် ထိုအသီးကို စားသောသူတို့သည် ဓာတ်လျှော၍ အဗ္ဗန္တရသရက်သီးမျိုးသည် ပျက်စီးလေတော့ပြီ။

ထိုသို့သော သဘောကိုရည်၍ ခွေးတောက်မြစ်ယှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချိုကင်းသို့ ဟု စကားပုံ ရှိထားသည်နှင့် အညီ ငါတို့ အမျိုးသားများမှာ ခွေးတောက်မြစ် ရောယှက်ကုန်ပြီဟု အောက်မေ့၍ သူ့အမြင်နှင့် သူ့အတွေးကို ဒွါဒသမအတွဲထိ ရေးမည်ဟု ပုံကိုင်ထားပြီးနောက် ဆက်မရေးတော့ဘဲ ဖြတ်လိုက်၍ သဘာဝသျှတ္တကို ဆက်လက်ရေးမည်ဟု နေမကောင်းစဉ် ကြံဆနေမိတော့၏။

ထိုအခါ စုတ်ချွန်း တစ်ယောက်သည် ရောက်လာ၍ 'ဘိုး– အစ်ကိုကြီးကော' ဟု မေးရာ၊ 'အိမ်ပေါ်မှာ အင်းချနေသည်' ဟု ပြော

mgyoe.com

mgyoe.com


လိုက်၏။ စုတ်ချွန်းလည်း ရယ်၍ 'ဘိုးရဲ့ စုတ်ချွန်းကြီးလည်း အင်း ချနေတယ်' ဟု ပြောလေ၏။ ကျွန်ုပ်လည်း အင်းသည် အကောင်ကို ပြောလိုက်စမ်းဟု မှာလိုက်၏။

ကျွန်ုပ်သည် စုတ်ချွန်းကြီးနှင့် အင်းအကြောင်းကို ပြောပြရာ၊ ၎င်းက ထိုသဘောကို ရေးပါဟု ပူဆာသဖြင့် ကျွန်ုပ်သည် ဤ 'လောက လူ့ဘုံ' ကို ရေးလိုက်တော့ပြီ။

လောကကြီး၌ လူ့ဘုံသည် မီးရထားလမ်းဆုံ အချက်အချာ မီးရထားဘူတာရုံကြီးကဲ့သို့ဖြစ်၍ အများအားဖြင့် လူ့ဘုံကသာလျှင် သွားလိုရာနှင့် ရောက်ရမည့် ခရီးလမ်းတာတို့ကို ရောက်ကြရမည်ဖြစ် ခြင်းကို စာရှုပျော်တို့သည် အထူး သတိပြုအပ်ပေသည်။

❖

mgyoe.com

mgyoe.com

(၁)

## စိတ်ကို တည်ကြည်နိုင်သမျှ တည်ကြည်ပါစေ

လောကတွင် လူ့ဘုံသည် လမ်းဆုံး လမ်းဝကြီးသဖွယ် ဖြစ်နေပေသည်။ အဘယ်ကြောင့်ဆိုသော် လူ့ဘဝကပင် ဗြဟ္မာ့လောက၊ နတ်လောက၊ တိရစ္ဆာန်လောက၊ ပြိတ္တာလောက၊ အသူရကာယ်လောကသို့ ရောက်နိုင်ပေသည့်ပြင် အကျွတ်တရားကို ရနိုင်ရာရနိုင်ကြောင်း လမ်းစကိုလည်း စပျိုးတည်ထောင်ရာ ဖြစ်နေပေသည်။

ထိုလူ့ဘုံမှာပင် တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံများကို မြင်နိုင်ပေသည်။ ထိုသို့မြင်နိုင်သော မြူဘဝတို့ဖြစ်သောဘုံများဖြစ်ပေသည်။ ထိုရုပ်နာမ်တို့က ဖြစ်သော မြူဘဝမဟုတ်သည့် စာသဘောအရဖြစ်သော ပြိတ္တာ၊ အသူရကာယ် တို့ကိုကား သာမန်အားဖြင့် မြင်နိုင်ဖို့ ခဲယဉ်းလှပေသည်။ ထို့အတူ ဓာတ်သဘောအရ ဖြစ်သော ငရဲ၊ နတ်၊ ဗြဟ္မာတို့ကိုလည်း မြင်နိုင်ဖို့ ခဲယဉ်းကောင်းပေသည်။

ၡင်းကိုပင် အချို့ခေတ်ပညာတတ်တို့က ငရဲကို မြင်ရသလား၊ နတ် ဗြဟ္မာတို့ကို မြင်ရသလား၊ ငရဲ၊ နတ်၊ ဗြဟ္မာ၊ ပြိတ္တာ၊ အသူရကာယ်တို့နှင့် စကားပြောနိုင်သလားဟု သုတေသန ပြုကြပြန်လေပြီ။

mgyoe.com

mgyoe.com


ဤအခန်း၌ ထိုသုတေသနကို ရှင်းလင်းရန် မဟုတ်။ စိတ်အကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းရန် သဘောဆိုက်နေသဖြင့် ထိုသဘောကိုသာ သရုပ်ပေါ်အောင် ရေးဖော်ပါမည်။

လူ့ဘုံသည်ကား အတော့်ကို ဆန်းကြယ်လျက်ရှိရာတွင် မြန်မာတို့တွင် သာ၍ ဆန်းကြယ်နေပုံရပေသည်။

မြန်မာတို့၌ နတ်၊ ဗြဟ္မာတို့အပြင် ဝိဇ္ဇာဟူ၍ စွဲလမ်းယုံကြည်ကာ လိုက်စားနေသူတို့လည်း ရှိပေသည်။ ထိုလိုက်စားသောသူတို့သည် ဝိဇ္ဇာနှင့် တွေ့ဖူး မြင်ဖူးသလား၊ စကားပြောဖူးသလားဟု မေးသော် မေးသူသည်ပင် ဗုဒ္ဓဘာသာမဟုတ်ဟု ထင်မှတ်ယူဆ၊ စွပ်စွဲခြင်းကို ခံရတတ်ပေသည်။

လူ့ဘုံ၌ မိမိ မကျွမ်းကျင်ခြင်းသည်လည်း အများပင် ရှိချေသည်။ ဤသဘော၌ ဝိဇ္ဇာအကြောင်းကို ကျွန်ုပ် ရေးနေခြင်းမဟုတ်။ အင်းဝိဇ္ဇာနှင့် ပတ်သက်သည့်အကြောင်းကို ကျေးဇူးရှိ တပည့်အတွက် ရေးခြင်းမျှသာ ဖြစ်သည်။ ထိုသို့ ရေးရာ၌ အခြားဗဟုသုတ လိုလားသူတို့လည်း စဉ်းစားနိုင်ရန် ဖော်ပြလိုက်သည်။

ဝိဇ္ဇာတွင် မြန်မာတို့၌ ဓာတ်ဝိဇ္ဇာ၊ စိတ်ဝိဇ္ဇာ၊ လျှပ်စစ်ဝိဇ္ဇာဟု ရှိချေသည်။ ဤကား စကားဆန်းသို့ပင် ထင်ရာဖြစ်ပေသည်။ သို့သော် စဉ်းစားပေါ့။

ဓာတ်ဝိဇ္ဇာတွင် ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဟူ၍ ရှိချေသည်။ စိတ်ဝိဇ္ဇာတွင် မန္တန်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာ ဟူ၍ ရှိချေသည်။ လျှပ်စစ်ဝိဇ္ဇာတွင် မြေအောင်းရသော ဆေးဝိဇ္ဇာ၊ ရုပ်ပြောင်းရသော ဆေးဝိဇ္ဇာဟူ၍ ရှိချေသည်။

ထိုသို့ ကျွန်ုပ် ဝိဇ္ဇာများအကြောင်းကို ရေးသည်မှာ မည်သည့်ကျမ်းမှာတွေ့၍ ရေးသလဲဟု မမေးနှင့်၊ ကျွန်ုပ် ကျမ်းကိုးမဟုတ်။ ဝိဇ္ဇာတစ်ဦးနှင့် တွေ့ဖူးသလား၊ စကားပြောဖူးသလားဟုလည်း မမေးနှင့်။ ကျွန်ုပ်ကား တပ်အပ်ကျ ရှေ့တွင် တွေ့ခြင်းကိုပင် ယုံကြည်တတ်သောသူ မဟုတ်။

mgyoe.com

mgyoe.com


လူတစ်ယောက်သည် ဝိဇ္ဇာနှင့်တွေ့သော်၊ ဤသူသည် ဝိဇ္ဇာပါလားဟု သိမလား။ စကားပြောဖူးလျှင်ကော သိမည်လား။ လူတစ်ယောက်က သူ့ကိုယ်သူ ဝိဇ္ဇာ အကြားအမြင်ပေါက်သည်၊ နတ်နှင့်စကားပြောဆိုနိုင်သည်ဟု ပြောလျှင် ယုံမလား။ အခြားသူက ဤသူသည် ဝိဇ္ဇာဖြစ်နေပြီ၊ နတ်များကိုပင် ခေါ်၍ ခိုင်းနေပြီဟု ပြောလျှင်ကော ယုံမလား။

လူမည်သည် ပြောလိုရာပြောသည်၊ ပြောတတ်သည်ဟု နှလုံးသွင်းလော့။ လူမှာ အတတ်ပညာ ရှိရာသည်။ ထိုအတတ်ပညာသည်ကား ဝမ်းရေး၊ ခါးရေးအတတ်၊ လောကတွင် လမ်းသွားတတ်အောင် သဘာဝကျကျနှင့် အကြောင်းအကျိုးကို ဆင်ခြင်စဉ်းစား အသုံးပြုကာ လောကတွင် သွားလာတတ်မှ လူတစ်ယောက်အဖြစ်ကို ပြည့်မီနိုင်မည်။

စဉ်းစားဆင်ခြင်လော့။

အချို့အချို့လူတို့သည် ကျန်းမာစွာနှင့် အလုပ်အကိုင် မလုပ်ကိုင်ဘဲ အသက်ရှည်လိုသည်။ ထိုသူသည် ဝိဇ္ဇာဖြစ်လိုသည်။ သို့ရာတွင် မည်သည့် ရုပ်နာမ်မှာမဆို ဓာတ်သက်ရှိသည်။ ထိုဓာတ်သက် ကုန်သော် သေရသည် (ဝါ) စုတေ မနေရဟု သိဖို့လိုသည်။ အချောင်သမားက ဝိဇ္ဇာနှင့် တွေ့လိုသည်။ ချွေးထွက်အောင် အလုပ်မလုပ်လိုဘဲနှင့် ကောင်းစားလိုသော လူပေါ့က သာ၍ ဝိဇ္ဇာနှင့် တွေ့လိုသည်။

ထိုသည့်အထဲတွင် မပင်မပန်းဘဲနှင့် တန်ခိုးကိုလို၍ အင်းချသည်။ အင်းချ မီးရှို့၍ ပြာကို သောက်သည်။ ၎င်းကား ရောဂါရတတ်သည်။ သို့မဟုတ် နှလုံးနှင့် အဆုတ်ကို ခိုက်၍ ရူးကြောင်ကြောင် ပေါ့သွပ်သွပ် ဖြစ်လာတတ်သည်။

အင်းချရာ၌ အင်းသွားမှန်ခြင်းနှင့် ဂဏန်းများ၊ စာလုံးများကို အားကိုးအားထားပြုသည်မှာ ရယ်စရာ။ အင်းချသည့် သဘောကား စိတ်ကို မလွင့်ပါးရအောင် တစ်ခုခုနှင့် ထိန်းသိမ်း၍ စိတ်ကို ချုပ်ထားခြင်းသဘောမျှသာ ဖြစ်သည်။

'သရုပ်ဖော်တော့မည် သတိပြု'

mgyoe.com

mgyoe.com


လူဆိုသော မြူကောင်ကိုသာ လက်ထိတ်ခတ်၍ ချုပ်တည်းထား နိုင်သည်။ စိတ်ကို ဤသို့ ချုပ်တည်းထိန်းသိမ်း၍ မရနိုင်။ စိတ်သည် အငြိမ်မနေ။ အမြဲလွင့်ပါးကာ ကူးမိကူးရာ ကြံမိကြံရာ စိတ်ကူးကာ ကြံစည်နေတတ်သည်။ တစ်ခါတစ်ခါ လထဲသို့ ရောက်သွားသည်။ တစ်ခါတစ်ခါ သောကြာကြယ်ထဲသို့ ရောက်သွားသည်။ အမျိုးမျိုး အထွေထွေ စိတ်သည် လွင့်ပါးကာ ရှိလေသည်။

သတ္တဝါတိုင်းမှာ တန်ခိုး တစ်ခုစီ ရှိသည်ဖြစ်၍ လူမှာလည်း တစ်ခုခု တန်ခိုးရှိရမည်။ သို့သော် ထိုတန်ခိုးသည် စိတ်၏ လွင့်ပါးမှု ကြောင့် လျော့ပါးပြီးသော် စိတ်လွင့်ပါးခြင်းဖြစ်၍ စိတ်မခိုင်မာခြင်း အားကြီးသလောက် ထိုသူ၏တန်ခိုးသည် နည်းပါးသွားတတ်လေ သည်။

ထိုသို့သောသဘောကြောင့် စိတ်၏တန်ခိုး ကြီးမားလိုသူတို့ သည် စိတ်ကို ချုပ်တည်းသိမ်းဆည်းခြင်း သဘောနှင့် အင်း ဟု အင်းချ ခြင်းစနစ်ကို တီထွင်ခဲ့လေသည်။ ထိုသဘောကြောင့် လေးကွက်ကျား၊ ဖိုးလမင်းကျား ကစားခြင်း အတတ်တို့သည်ပင်လျှင် အင်းကစားခြင်း တွင် ပါဝင်နေပါသည်။

စင်စစ်သဘောကား အင်းကစားနေခြင်းသည် မိမိ၏စိတ် အခြားသို့ လွင့်ပါးကာ မသွားရအောင် တစ်စုံတစ်ခုသော အလုပ်အကိုင် လုပ်နေခြင်းသဘောနှင့် စိတ်ကိုချုပ်တည်းကာ ထိန်းသိမ်းထားခြင်း သဘော ဖြစ်ချေသည်။ ထိုအင်းကွက်၊ အင်းဂဏန်း၊ အင်းစာလုံးများ ကို တန်ခိုးရှိသည်။ ၎င်းတို့ကြောင့် ဤမည်သော တန်ခိုးကို ရသည် ထင်သော် သည်လောက် လုပ်ပြီးလျှင် သုံးကြည့်စမ်းပါလား။

အချို့အင်းချ၊ မီးရှို့၊ ပြာကို သောက်သူက သူ့ကိုယ်မှာ ဂဏန်း များ ပေါ်လာသတဲ့။ ၈၊ ၆၊ ဗ၊ ၀ များ ပေါ်လာသတဲ့ဟု အတော်ပင် ဝမ်းသာပုံရသည်။ ဤသည်ကား သွေးကွက်၍ စိတ်အလျောက် ပေါ် လာသည် သတိထား။ "စိတ္တေန နိယတိ လောကော" ဟု ပညာရှိ ပုဂ္ဂိုလ်တစ်ပါးက ဆိုထားသည်။

mgyoe.com

mgyoe.com


သတိပြု။

စိတ်ကို မလွင့်အောင် ထိန်းသိမ်းနိုင်သလောက် လူမှာ တည်ငြိမ်သည်၊ ဘာတည်ငြိမ်သလဲ၊ ဘယ်လို တည်ငြိမ်သလဲ စဉ်းစား၊ စိတ်ကို ထိန်းသိမ်းနိုင်လာသော် လိုချင်မှု၌ လှုပ်ရှားခြင်း နည်းပါးလာသည်။ ဤသည်လျှင်ပင် အသင့်အတင့် တန်ဖိုးရှိလာသည်။ ထိုသူ့ထံ အာရုံရောက်သော ဓာတ်သဘော ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာများသည် ထိုသူကို နှစ်သက်လာသည်။

ထိုသို့ စိတ်တန်ခိုးကို ထိန်းသိမ်းလာသော သူသည် မည်သည်ကိုမဆို စားဝတ်နေထိုင်ရေးနှင့်တကွ တင်းတိမ်ရောင့်ရဲနိုင်ခြင်း ရှိလာလေတော့ပြီ။ ထိုမျှမက မိမိ၏ တုန်လှုပ်မှု အမျိုးမျိုးကို သည်းခံလာနိုင်ခြင်း၊ မိမိကိုယ် နှိမ့်ချခြင်းတို့ ဖြစ်လာ၍ အခြားသောသူတို့က အရူးဟုပင် ထင်မှတ်ခြင်း၊ သမုတ်ခြင်းကို ခံရတတ်လေသည်။ ဤကား စိတ်ကို ထိန်းသိမ်းခြင်းမျှသာ ဖြစ်သေးသည်။ စိတ်၏တည်ခြင်း မဖြစ်သေးပေ။

စိတ်၏တည်ခြင်းကား ဤသို့လျှင်ကတည်း။

အအားနေသောအခါ မိမိ စွဲမြဲအာရုံပြုနေသော ထွက်သက်ဝင်သက်ကိုလည်းကောင်း၊ ကသိုဏ်း တစ်ခုခုကိုလည်းကောင်း၊ ကမ္မဋ္ဌာန်း တစ်ခုခုကိုလည်းကောင်း၊ လေးကွက်ကျားကိုလည်းကောင်း၊ ဖိုးလမင်းကျားကွက်ကိုလည်းကောင်း၊ စာကြည့်နေခြင်းကိုလည်းကောင်း၊ အင်းကွက်ကိုလည်းကောင်း စသည်ဖြင့် ပေါ်နေခြင်းသည်သာလျှင် စိတ်ကို မလွင့်ပါးစေမူ၍ စိတ်၏တည်ခြင်းကို ဖြစ်စေ၏။ ထိုမှတစ်ပါး ထိုသူသည် အလုပ်လုပ်သောအခါ အလုပ်၌သာ စိတ်ဝင်စားနေ၏။ သွားသောအခါ သွားနေခြင်းကိုသာလည်းကောင်း၊ လာသောအခါ လာနေခြင်းကိုသာလည်းကောင်း၊ ရပ်သောအခါ ရပ်နေခြင်းကိုသာလည်းကောင်း၊ နေသောအခါ နေခြင်းကိုသာလည်းကောင်း၊ စားသောက်သောအခါ စားသောက်နေခြင်းကိုသာလည်းကောင်း၊ အိပ်သောအခါ အိပ်နေခြင်းကိုသာလည်းကောင်း၊ ထိုင်သောအခါ ထိုင်

mgyoe.com

mgyoe.com


နေခြင်းကိုသာလည်းကောင်း စသည်ဖြင့် သိနေသောသူသည် စိတ်၏ တည်ခြင်းတွင် ပါဝင်လာလေတော့ပြီ။ သို့သော်လည်း တည်ခြင်းသည် တည်ခြင်းသာလျှင် ဖြစ်သည်။

တည်ကြည်ခြင်းကား ဤသို့တည်း။

အကြင်သူတစ်ယောက်သည် မိမိ၏စိတ်ကို အင်းကစားခြင်း ဖြင့်လည်းကောင်း၊ ကသိုဏ်း တစ်ခုခုကို ဝင်စားခြင်းဖြင့်လည်းကောင်း၊ တစ်ခုခုသော ကမ္မဋ္ဌာန်းကို ဝင်စားခြင်းဖြင့်လည်းကောင်း၊ လောကကို လေ့လာခြင်းဖြင့်၊ စာကို ဖတ်နေ ကြည့်နေ လေ့လာခြင်းဖြင့်လည်း ကောင်း စိတ်ကို ထိန်းသိမ်းလာ၏။ ထိုသူသည် အအားပြုသောအခါ၊ အနားပြုသောအခါ မိမိ အာရုံဝင်စားခြင်းနှင့်သာ တည်၍ ကြည်နေ ၏။ အခြားကို အာရုံ မလွှင့်ပါးတော့ပေ။ ထိုသူသည် တည်ကြည်သော သူ ဖြစ်နေပေတော့သည်။

ထိုတည်ကြည်နေသောသူသည် မိမိ၏ အာရုံသဘော၌သာ မွေ့ လျော်ဖြစ်၍ ညစ်ညူးသည့် လိုချင်ခြင်း ဟူသမျှကို ဖြတ်နေသကဲ့သို့ ဖြစ်နေ၏ (ဝါ) ဖြတ်ထားသကဲ့သို့ ဖြစ်နေ၏။ ကြမ်းတမ်းခြင်း၊ သိမ်မွေ့ခြင်းတို့တွင် ပါဝင်သော တုန်လှုပ်ခြင်း ဟူသမျှတို့ကို သည်းခံ နေသကဲ့သို့ ဖြစ်၏။ ကိုယ်ကို နှိမ့်ချနေသကဲ့သို့ ဖြစ်နေ၏။ ထိုသဘော တို့သည် ကောင်းသောသဘောလား၊ မကောင်းသောသဘောလားဟု စောကြောရန် ဖြစ်၏။

လူတို့၌ သဘောမည်သည် အရောင်ကို ဖြစ်စေ၏။ ထို အရောင်အားဖြင့် ကောင်းသောအရောင်သည် ကောင်းသောအရိပ် ဖြစ်နေ၏။ မကောင်းသောအရောင်သည် မကောင်းသောအရိပ် ဖြစ် နေ၏။ ဤနည်းဖြင့် လူတို့၌ သို့မဟုတ် သတ္တဝါတို့၌ တစ်ခုခုသော အရိပ်သည် အမြဲလိုက်လျက် ရှိနေပေသည်။

သက်သေဆောင်တော့မည် သတိပြု။

သွားလာလှုပ်ရှားနေသော သူတို့သည်လည်းကောင်း၊ ခရီးသွား တို့သည်လည်းကောင်း အရိပ်ကိုတွေ့သော် ဝင်ရောက်ခိုလှုံစမြဲ၊

mgyoe.com

mgyoe.com


နားစမြဲ၊ ချဉ်းကပ်စမြဲ ဖြစ်၏။ သည်အရိပ်သည် သည်ချဉ်းကပ် ခိုဝင်သော သူတို့ကိုလည်းကောင်း၊ ဝင်ရောက်ခိုမှီ လာနားသောသူတို့ကို လည်းကောင်း ကောင်းသောအရိပ် ဖြစ်ခဲ့ချေသော် သဘာဝအားဖြင့် အေးမြချမ်းမြေ့ခြင်းကို ဖြစ်စေ၏။ ထိုအခါ ကောင်းသောသဘော ရှိသူတို့သည် ထိုအရိပ်၏ ကျေးဇူးကောင်း ကျေးဇူးမြတ်ကို နားလည်ကြ၍ ကျေးဇူးတင်ခြင်း၊ အကျိုးပြုခြင်းကို ဖြစ်စေတတ်၏။ ထိုသဘောကို သေချာစွာ စဉ်းစားရာ၏။

သတ္တဝါတို့၌ မြူဘာဝ၊ ဓာတ်သဘောဘာဝ ဟူ၍ရှိရာ ဓာတ်သဘောဘာဝဟု ဆိုအပ်သော နတ်၊ ပြိတ္တာ၊ အသူရကာယ် စသည်တို့သည် ကောင်းသောလူတစ်ယောက်၏အရိပ်သို့ ချဉ်းကပ်မိချေသော် နတ်ဘောဇဉ်၊ နတ်ကိုယ်ရောင်ကိုယ်ဝါ၊ နတ်ဝတ်တန်ဆာ၊ နတ်စည်းစိမ် ရှိသောသူတို့မှာ မိမိ ရှိရင်းထက် တိုးတက်၍ ကောင်းမွန်ထွန်းလင်း တောက်ပလာ၏။ ထိုအခါ ကျေးဇူးတရားကို နားလည်သိတတ်ပါက ကောင်းသော ကျေးဇူးသဘောကို တုံ့ပြန်တတ်၏။

နတ်ဘောဇဉ်မရ၊ နတ်ဝတ်တန်ဆာ မရှိ၊ မှေးမှိန်နေခြင်း၊ ယုတ်ညံ့သော စည်းစိမ်ရှိခြင်းတို့ ဖြစ်နေရသော ဓာတ်သဘောဘာဝ ပြိတ္တာ၊ အသူရကာယ်တို့မှာ တစ်ကိုယ်ကောင်းသော အရိပ်၌ ခိုဝင်ချဉ်းကပ်မိသောအားဖြင့် နတ်ဘောဇဉ်ကိုလည်းကောင်း၊ နတ်ဝတ်တန်ဆာကို လည်းကောင်း၊ စည်းစိမ်ကိုလည်းကောင်း၊ တန်ခိုးကိုလည်းကောင်း ရရှိတတ်၏ (ကောင်းသော အရိပ်သို့ ခိုဝင်ချဉ်းကပ်မိသူတိုင်းသည် ချမ်းမြေ့ခြင်း၊ နှစ်သက်ခြင်းကို ရကြကုန်၏)။ ထိုအခါ ကျေးဇူးသဘောကို နားလည်သူဖြစ်က ကောင်းသောကျေးဇူးဖြင့် ပူဇော်ကာ ကျေးဇူးဆပ်တတ်၏။

လိုရင်းသို့ ထောက်ကွက်ပြုပြီ။ အင်းသမား သတိပြု။

ဝိဇ္ဇာများသည် (ဝ၁) တစ်ဦးတစ်ယောက်သော ဝိဇ္ဇာသည် ကောင်းသောသဘောရှိ အရိပ်ရှိသူထံ ချဉ်းကပ်မိ၏၊ တွေ့ဆုံမိ၏။ ထိုအခါ ဝိဇ္ဇာသည် ချမ်းမြေ့ခြင်း အရသာကို ခံယူရသဖြင့် ရှိရင်းစွဲ

mgyoe.com

mgyoe.com


ဓာတ်သဘောသည် မြူးလာ၏။ တန်ခိုးသည် တက်လာ၏။ ဓာတ်သဘောသည် တိုးတက်၍ အားရှိလာ၏။

ထိုသို့သော သဘောကြောင့် ထို တည်ကြည်သူနှင့် ဝိဇ္ဇာသည် ဆက်ဆံကာ ကျေးဇူးပြုလာလေတော့၏။ အလိုရှိသည်ကို ကျေးဇူးပြုပါရစေဟု စကား ဆိုမြည်လာတော့၏။

ထိုသို့သော အဓိပ္ပာယ်နက်သည့် ဆောင်ကွက် ရှိသည့်အတိုင်း လူများသည် အတိုင်းအဆ မရှိပုံ၊ လွင့်နေသော စိတ်ကို ထိန်းသိမ်းနိုင်ခြင်းသည် ကောင်းသောကျင့်ဝတ်သဘောကို ဖြစ်စေတတ်၏။ ထိုကောင်းသောကျင့်ဝတ်သဘော တည်သလောက် တန်ခိုးရှိမှန်းမသိ ရှိလာ၏။ ထိုသို့နှင့် တည်ကြည်လာသော် တန်ခိုးရှိန်ရှိသူ ဖြစ်မှန်းမသိ ရှိနေတော့၏။ ထိုသဘောအရ အင်းလမ်းအား စိတ်ကို ချုပ်တည်းခြင်း သဘောနှင့် အချို့အချို့သည် လိုက်ကြ၏။ အချို့အချို့သည် စိတ်၏ လှုပ်ရှားမှုဒဏ်ကို မခံလိုသဖြင့် စိတ်ကို ထိန်းသိမ်းချုပ်တည်းခြင်းဖြင့် လောကလူ့ဘုံ၏ အရသာကို ယူကြ၏။

အင်းလမ်းကို လိုက်နေသော သူများ သေသေချာချာ စဉ်းစား။

အင်းလမ်းကို လိုက်ခြင်းသည် လွင့်ပါးနေသော စိတ်ကို တည်အောင် ထိန်းသိမ်းချုပ်တည်းခြင်း အလေ့အကျင့်ကို လုပ်နေခြင်းဖြစ်သည်။ ၎င်းနောက် စိတ်ကို တည်နေအောင် လေ့ကျင့်နေခြင်း ဖြစ်သည်။ ၎င်းနောက် တည်ကြည်ခြင်းကို စွဲမြဲအောင် လေ့ကျင့်နေခြင်း ဖြစ်သည်။

အင်းလုပ်ငန်းကို လိုက်စားနေသူ တစ်ယောက်အား မေးခွန်း ထုတ်မည်။

ဘာကြောင့် အင်းလုပ်ငန်းကို လုပ်သနည်း (ငါးရာသော အင်း မဟုတ်၊ အင်းချသောအလုပ်)။ ဤမည်သောတန်ခိုးကို ရအောင်၊ အင်း ဝိဇ္ဇာဖြစ်အောင်၊ နတ်များကို ခိုင်းစေနိုင်အောင်၊ ဓာတ်သဘောဘာဝ ဖြစ်သော နာနာဘာဝ၊ ဝိနာဘာဝတို့နှင့် စကားပြောနိုင်အောင်၊ ၎င်းတို့ကို စေစားနိုင်အောင် စသည်ဖြင့် တန်ခိုးကို လို၍ အင်းကစားသော် မဖြစ်နိုင်၊ မရနိုင်ဟူ၍ မှတ်။ အဘယ်ကြောင့်ဆိုသော် လိုချင်မှုသည်

mgyoe.com

mgyoe.com

ညစ်ညမ်းသော အကျင့်သဘော ဖြစ်သည်။

ထိုသို့ သဘောရှိသောသူသည် ဆင်းရဲ၍ အောက်တန်းစားကျမည် သို့မဟုတ် ရှုးကြောင်ကြောင်၊ သွပ်တွတ်တွတ် ဖြစ်နေမည်။ သို့မဟုတ် ရယ်စရာကောင်းသောလူ ဖြစ်နေမည်။

စင်စစ်ကား စိတ်တည်၍ စိတ်တည်ကြည်အောင် အင်းကစား ရခြင်း ဖြစ်သည်။ စိတ်တည်ကြည်ခြင်းသည်သာလျှင် ကျင့်ဝတ်ကောင်း ကို ယူမည်၊ သို့သော် ယူနိုင်ပေမည်။

စိတ်တည်ကြည်တိုင်း သူတော်ကောင်း မဟုတ်။ သူယုတ်မာ လည်း ရှိသည်။ သဘောကား ဤသို့ဖြစ်ချေသည်။

စိတ်တည်ကြည်ခြင်းကား တည်ခြင်းမျှသာ ဖြစ်သည်။ တည် ခြင်းမှာ အကောင်း၌သာ တည်သည်မဟုတ်။ မကောင်း၌လည်း တည် ခြင်း ရှိပေသည်။ စိတ်ကို မလွှင့်ပါးရအောင် ထိန်းသိမ်းစောင့်ရှောက် ခြင်း၌ အကောင်းအားဖြင့်သာ ထိန်းသိမ်းစောင့်ရှောက် ချုပ်တည်းခြင်း မဟုတ်။ မကောင်းဖြင့်လည်း ထိန်းသိမ်းချုပ်တည်းခြင်း ရှိပေသေး သည်။

ထိုသို့သောသဘောကြောင့် စိတ်တည်ကြည်ခြင်းတွင် အကောင်း အားဖြင့်သာ တည်ကြည်ခြင်း မဟုတ်။ မကောင်းအားဖြင့် (ဝါ) အယုတ် အားဖြင့် တည်ကြည်ခြင်းလည်း ရှိသေးသည်။

ထိုသို့ တင်ပြဆွေးနွေးသောအားဖြင့် အဆန်းသဘော ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် သဘောသွားကို စဉ်းစားပေါ့။

လောက၌ လူတို့ သွားသောလမ်းတွင် အထက်လမ်း၊ အောက် လမ်း တစ်နည်းတုံ ညာလမ်း၊ ဘယ်လမ်း ဟူ၍ ရှိလေသည်။ အောက် လမ်း (ဝါ) ဘယ်လမ်းကား မကောင်းသောလမ်း (ဝါ) ယုတ်မာသော လမ်းဟူ၍ ဖြစ်ချေသည်။

မကောင်းသောလမ်းကား ဤသို့တည်း။

အကြင်သူတစ်ယောက်သည် ဂုဏ်ကြီးလို၏။ အထင်တရှား၊ အကျော်တစော လို၏။ မိမိကသာ သူတစ်ပါးအပေါ်၌ အသာလို၏။

mgyoe.com

mgyoe.com


မိမိ ဆရာကြီးပြုလို၏။ ထိုသဘောကြောင့် မည်သူ့အပေါ်မဆို အသနား ကြင်နာမဲ့၊ နိုင်လိုမင်းထက် ပြုလုပ်လို၏။ မိမိအား ဆန့်ကျင်ဘက် ပြုလုပ်သော မည်သူ့ကိုမဆို ရက်ရက်စက်စက် နိုင့်ထက်စီးနင်း ပြု လုပ်၍ မကောင်းမှုကို အမြဲ လိုလား၏။ သူတစ်ပါးအပေါ်၌ ပျက်စီး စေရန် နည်းအမျိုးမျိုးကို အမြဲရှာဖွေလေ့လာကာ ရှိလေ၏။ သူတစ်ပါး အပေါ်၌ မကောင်းပြုမူရန်၊ နှိပ်စက်ညှဉ်းပန်းရန်၊ အနိုင်ပြုကျင့်နိုင်ရန် နည်းလမ်းများကို စိတ်တည်တည်ထား၍ ကြည့်နေ၏။

ထိုသဘောကြောင့် စိတ်တည်ခြင်းဖြစ်တိုင်း မကောင်းစိတ် တည်ကြည်ခြင်းအားဖြင့် မကောင်းလည်း ဖြစ်နိုင်ပေသည်။ စကားဆန်း ကို ရေးပြန်ပြီဟု ဆိုချင်လျှင်ဆိုတော့၊ ဗုဒ္ဓဘာသာ ကျမ်းစကားအရ သက်သေပြမည်။

အရူပဘုံနှင့် အသညသတ်ဘုံသည် ဗြဟ္မာဘုံပင် ဖြစ်သော်လည်း ထိုဘုံသည် မကောင်း၊ ထိုဘုံ နှစ်ဘုံကို ပညာရှိတို့သည် ရပ်ပြစ်ရှစ်ပါး ထဲတွင်ပင် ထည့်ထားလေသည်။

လောကသဘောအတွက် ကျွန်ုပ် တင်ပြမည်။

အမှိုက်များအတွင်းမှာ ပိုးမွှားကင်း စသော လူတို့အား ဘေး ဖြစ်စေတတ်သော အကောင်များ အောင်းနေတတ်သည်။ အုတ်ခဲပုံအောက် စသည်တို့မှာ အဆိပ်ပြင်းထန်သော မြွေ စသည်တို့ အောင်းနေတတ် ရုံမက မြွေများသည် ဥကို ဥ၍ ပေါက်ပွားစေလေသည်။

ထို့အတူပင်လျှင် မကောင်းညစ်ဆိုးသော ဝိနိပါတိက ပြိတ္တာ တို့သည် ထိုမကောင်းသောသဘောနှင့် စိတ်တည်ကြည်သူ၏ အရိပ်၌ ခိုလှုံဝင်ရောက်နေတတ်၏။ ၎င်းတို့ကို လူတို့သည် သရဲ၊ သဘက်၊ တစ္ဆေ၊ ဘီလူး စသည်တို့ဟု ယူဆကြ၏။

စိတ်တည်ကြည်သောသူ၏ သူတစ်ပါးအပေါ်၌ မလျော်သော စိတ်ထားကို ထားခြင်းသည် မည်သို့ဟု မစဉ်းစားမိ စိတ်မတည်ကြည် သောသူပင်လျှင် သူတစ်ပါး၏ အပေါ်၌ မနာလိုဝန်တိုခြင်း၊ နိုင်လို မင်းထက် ပြုလုပ်လိုခြင်း၊ သနားကြင်နာမဲ့ ဆောင်ရွက်ခြင်း၊ နှိမ်နင်း

mgyoe.com

mgyoe.com


လိုခြင်း စသည်ဖြင့် မကောင်းညစ်ဆိုးပြုသော သူ့ထံမှာပင်လျှင် ထိုသူ ထင်ပေါ် ကောင်းစား ဂုဏ်မြင့်နေက ထိုသူ့ထံသို့ စိတ်ညစ်ဆိုး ရှိသူ တို့သည် ဝိုင်းအုံကာ ဆက်ဆံလာတတ်လေသည်။

ထိုသူမျိုးကို များစွာသော စိတ်နုသည့် သူများက စုန်း၊ နတ်၊ ကဝေ၊ တော၊ တစ္ဆေ၊ သရဲ၊ သဘက် စသည်ဖြင့် ယိုးစွပ်ကာ ကြောက် လန့်တတ်ကြ၏။

အချို့ခေတ်မီသူများက စုန်း၊ ကဝေ၊ တစ္ဆေ၊ နတ် စသည်တို့ သည်မရှိ။ ခေါင်းပုံဖြတ်သမား၊ လူညာများ၏ အယူ၊ နောက်သူတို့၏ ယုံကြည်ခြင်းဟု အယူရှိကြ၏။ ထိုသူတို့ကို ကျွန်ုပ် အတော်ပင် သဘော ကျ၏။

တစ်နေ့သ၌မှာ ကျွန်ုပ်သည် မြို့တစ်မြို့၌ရှိစဉ် လူငယ်တစ်ယောက် သည် လာရောက်စကားပြောဆို၏။ ထိုသူက စုန်း၊ တစ္ဆေ၊ ကဝေ၊ နတ်တို့ မရှိကြောင်း၊ အလကား နောက်ကျသော အယူဟု ပြောပြ၏။ ကျွန်ုပ် ၎င်းကို အတော်သဘောကျ၏။

ထိုသူသည် ၎င်း၏ သူငယ်ချင်းအိမ်မှာ တည်း၏။ ထိုသူသည် ညကျသော် ကျွန်ုပ်ထံ လာ၍ အိပ်တော့၏။ ကျွန်ုပ်က သဘောကို မေးသောအခါ ၎င်း၏ သူငယ်ချင်း လင်မယားသည် ညမှာ သူ့မိဘ အိမ်သို့ သွားအိပ်သောကြောင့် ထိုအိမ်မှာ ညအချိန် တစ်ယောက်တည်း မအိပ်ဝံ့သဖြင့်ဟု ပြောကြား၏။

ကျွန်ုပ်သည် စိတ်ထဲက ရယ်ချင်ပြီ။ ဘာကြောင့် မအိပ်ဝံ့သလဲ၊ ဘာကို ကြောက်သလဲဟု မေးရာ ထိုသူက မကြောက်ဘူးဆိုသော် လည်း စိတ်ကိုက မအိပ်ဝံ့၍ဟု ပြောလေသည်။

ကျွန်ုပ်ကား မည်သို့မျှ ၎င်းအား မပြော။ သို့သော် မှတ်တမ်း ပြုထားလိုက်၏။

တစ္ဆေ မရှိ၊ စုန်း၊ နတ် မရှိ၊ သရဲသဘက် မရှိ၊ ကဝေ မရှိဟု ဆိုသော်လည်း ထိုဆိုသောသူသည် လူနှင့် တိရစ္ဆာန်၊ မြွေ ကင်း သန်းတို့ကိုသာ မဟုတ်ဘဲ၊ မှောင်မည်းမည်း ညအချိန်မှာ တစ်ယောက်

mgyoe.com

mgyoe.com


တည်း မနေဝံ့၊ မအိပ်ဝံ့၊ မသွားမလာဝံ့သော သူသည် လောကဋ္ဌံ တစ္ဆေရှိသည်ဟု ဝန်ခံနေရာ သို့မဟုတ် နာနာဘာဝ၊ ဝိနာဘာဝတို့ ရှိသည်ဟု ယူဆနေရာ ရောက်ပေသည်။

စာကြောကား ရှည်သွားပြီ။ တွေ့ကြုံခဲ့ရသည်တို့ကို သာဓက အဖြစ်နှင့် ရေးရချေသော် စာမျော၍ လိုရင်းကို မရောက်ဘဲ ရှိပေလိမ့် မည်။ သမထပေါက်တိုင်း၊ စိတ်တည်ကြည်တိုင်း လူကောင်းဟု မထင် နှင့်။ ထင်လျှင် ချောက်ကျတန်ကျမည်။

ကျွန်ုပ်သည် အသက် နှစ်ဆယ့်လေးနှစ် အရွယ်တုန်းက စစ်တပ် မြို့တစ်မြို့တွင် အလုပ်လုပ်နေရာ ညောင်ပင်တစ်ပင်အောက်တွင် ကုလားဆာဒူးတစ်ယောက်သည် ရှိ၏။ ၎င်းကို ကုလားများက လာဘ် သပ်ပကာ ရွှင်စေသည်ဟု ပူဇော်ကြ၏။ များသောအားဖြင့် မြန်မာများ ကပါ တန်ခိုးကြီးသည်၊ ပြုစားတတ်သည်ဟု ယုံကြည်၍ ကြောက်ကြ ၏။ ၎င်း ဆာဒူးမှာ မီးညှပ်၊ သံကောက် ရှိ၏။ နဖူး၊ ရင်ဘတ်၊ ဗိုက် တို့တွင် ပြာသုံးရစ် အမြဲရစ်ထား၏။ ထိပ်မှာ မှန်ကူအနီကွက်ကလေး တစ်ခုကို မျက်ခုံးနှစ်ခုအကြားတွင် ကွက်ထား၏။ ဆံပင်မှာ သိုးမွေး ရောင် ဖြစ်၍ ရှုပ်ပွနေ၏။ နှုတ်ခမ်းမွေး ရှိ၏။ မုတ်ဆိတ်မွေး မရှိ။

တစ်နေ့သော နေ့လယ်တွင် ရိက္ခာတပ်မှ မေဂျာ (သီအိုဆိုဖစ် အယူရှိသူ) တစ်ယောက်သည် ကျွန်ုပ်ကို ဤသို့ပြော၏။

ကျွန်ုပ်တို့ ညကိုးနာရီ ထိုးပြီးသော် အလွန် အလုပ်ရှုပ်နေ၏။ မရာထာတပ်မှ ကပ္ပတိန်တစ်ယောက်၏ မိန်းမသည် ထ ထ ပြေး၍ ဝိုင်းဝန်းကာ စောင့်နေရသဖြင့် ခက်နေသည်။

ကျွန်ုပ်သည် ခဏစဉ်းစားပြီးနောက် ၎င်းအား "ခင်ဗျားတို့ စစ် တပ်နှင့် မနီးမဝေး ဘောလုံးကွင်းအနီး ညောင်ပင်အောက်မှာ ကုလား ဆာဒူး တစ်ယောက်နှင့် စကားများတယ် ထင်တယ်" ဟု ပြော၏။ ထိုအခါ မေဂျာက ကျွန်ုပ်အား ဤသို့ ပြောပြ၏။

"အဲသည် ကပ္ပတိန့်မိန်းမရယ်၊ ခွေးကလေးတစ်ကောင်ရယ် လမ်းလျှောက်သွားတယ်။ သည်အခါမှာ ဆာဒူးတစ်ယောက်နှင့် တွေ့

mgyoe.com

mgyoe.com


တယ်။ ခွေးကလေးက ဆာဒူးနေရာဝင်ပြီး သေးနှင့် ပန်းတယ်။ သည်တော့ ဆာဒူးက ခွေးကလေး ဆဲဆိုကာ ခဲနှင့် ထုမောင်းတယ်။ သည်တော့ ကပ္ပတိန့်မိန်းမက ဆာဒူးကို ခွေးဟာ မင်းထက် အဖိုးတန်တယ်လို့ ဟိန္ဒူစကားနှင့် ဆိုပြီး သူ့ခွေးကလေးကို ပွေ့ယူတယ်။

ဆာဒူးက မရာထာစကားနှင့် ကောင်မက ငါ့ကို ကြိုက်နေတယ်။ မကြိုက်ပါနှင့်၊ တောင်းပန်ပါရစေလို့ ဆိုတယ်။ ဒါကို ကပ္ပတိန်က နားလည်လို့ ဆာဒူး ကြိမ်းတယ်။ ဆာဒူးက ကပ္ပတိန်တို့ နားမလည်တဲ့ စကားနှင့် မန္တန်စိပ်နေတယ်။ ဒါနှင့် ကပ္ပတိန်တို့ ပြန်လာကြတယ်။

ညကျတော့ ကပ္ပတိန့်မိန်းမဟာ အဲသည်ကို ထသွားရာ အတော့်ကို ဝိုင်းပြီး ဖမ်းထားရတယ်။ သုံးည ရှိပြီ"

ကျွန်ုပ် ခဏစဉ်းစားပြီး ကနေ့ညသွားရင် ရေအေးအေးနှင့် မျက်နှာကို ပက်လိုက်ဟု ပြော၏။ ကျွန်ုပ်ပြောသည့်အတိုင်း ၎င်းတို့ လုပ်ကြ၏။ နှစ်ညဆက်၍ ရေနှင့်ပက်ပြီးနောက် ကပ္ပတိန့်မိန်းမသည် စိတ်ကောင်းပြန်၍ ဖြစ်သွားသည်ဟု မေဂျာက သီအိုဆိုဖစ် အစည်းအဝေးသို့လာရင်း ကျွန်ုပ်နှင့် ဆရာဝန်ကြီးအား ပြောပြ၏။

ထိုသို့သော သဘောကြောင့် စိတ်တည်ကြည်တိုင်း လူကောင်းမထင်နှင့်။ ဂုဏ်၊ ထင်ပေါ်မှု၊ တန်ခိုးတို့ကို လိုလားပြီး စိတ်ကို တည်ကြည်စေသော သူသည် လောကမှာ စက်ဆုပ်စရာ အကောင်းဆုံးသော သူ ဖြစ်ချေသည်။

အချို့မှာ အင်းကစား၍ မိမိပင် အတော်ပေါက်နေပြီ၊ သူတစ်ပါး၏ စိတ်ကို သိနေပြီ၊ နတ်များနှင့် စကားပြောနိုင်သည်ဟု လူများကို ထင်စေ၏။ ထိုပုဂ္ဂိုလ်မျိုးကို အတော်ပင် သတိထားရာသည်။ မြန်မာတို့၏ တိုးတက်လာအံ့သော ခေတ်သစ်၌ ကယောင်ချောက်ချား ဖြစ်စေခြင်း၌လည်း ထိုသူတို့၏ လိမ့်လုံးသည် များစွာ ပါနေပေသည်။

မြန်မာတို့၏ လောက၌ တိုင်းပြည်ကို အကြောင်ရိုက်ကာ လိမ့်နေသော လူစားမျိုး ရှိနေပေသေးသည်။ ထိုသူမျိုးကား ဤသို့တည်း။

မည်သည့်ဂိုဏ်းတော်ကြီးကဟု အမည်တပ်၍ တရုန်းရုန်း

mgyoe.com

mgyoe.com


တအုန်းအုန်းနှင့် ဖြောင်းဆန်ကာ ရှိနေကြလေသည်။ ၎င်းတို့သည် မည်သည့် စေတီတော်၌ ဓာတ်ကျသည်ဟု စားလိုက်၊ ကျွေးလိုက်၊ သွားလိုက်၊ လာလိုက်ကြနှင့် ကားချင်းထပ်၍ နေကြ၏။ ထိုသို့နှင့် မြောက်မြားစွာသော သူတို့ကို ဧည့်ခံရန် အမျိုးမျိုး၊ ကျွေးရန် အမျိုးမျိုး စသည်တို့ ငွေအတွက် ငွေကို အဘယ်က ရသနည်း စဉ်းစား။ ၎င်းတို့မှာ ငွေဝင်သော မည်သည့် လုပ်ငန်းဆောင်တာများ ရှိပါသနည်း။

ထိုသို့သော သူအမျိုးမျိုးတို့သည် မည်သည့် ဂိုဏ်းတော်ကြီးကဟု မည်ကဲ့သို့ ဓာတ်ကျ၍ မည်ကဲ့သို့ ကျွေးမွေးဖို့နှင့် အံ့မခန်း ဆောင်ရွက်ရသည် (ပေါများလှပါဘိ)။ ထိုဂိုဏ်းတော်ကြီးက မည်သည့်နေရာမှာ စေတီတည်ရန် ဓာတ်ကျသည် ဟူ၍လည်းကောင်း၊ မည်သည့် စေတီတော်မှာ ထီးတင်ရန် ဓာတ်ကျသည်ဟူ၍လည်းကောင်း တအုန်းအုန်း တရုန်းရုန်းနှင့် စားသောက် သုံးစွဲကြသည်မှာ အံ့မခန်း ဖြစ်နေပေတော့သည်။ စင်စစ် ၎င်းတို့ကို စိစစ်လိုက်သော် မည်သည့် အလုပ်အကိုင်မျှ တိုင်းပြည်လူမျိုးအတွက် မရှိ ဖြစ်နေ၍ လူညံ့များ (ဝါ) ငွေရှင်၊ အမြတ်ကြီးစားများ၊ မှောင်ခိုသမားများထံတို့မှ သွေးစုပ်နေသည်သာ ထင်ရှားလေတော့သည်။

၎င်းတို့ သွေးစုပ်သည်မှာလည်း မည်သူ့အပေါ်မှာမဆို ရသလို သွေးစုပ်ကြမည်ဖြစ်၍ ရသေ့ယောက်ျား၊ ရသေ့မိန်းမ ရှစ်သောင်းပြည့်အောင်လည်းကောင်း၊ ယောဂီ ကျား မ ရှစ်သောင်းပြည့်အောင်လည်းကောင်း ကြိုးစားကြရမည်ဟုသာလိုလို ပြောဆိုကြလေသေးသည်။

စင်စစ် ထိုသူတို့ကား မည်သည့်ဝိဇ္ဇာနှင့်မျှ မဆီလျော်ချေ။ ဤသည် ဤမျှသာ အရိပ်အမြွက်ရေးသည်၊ စဉ်းစားကြရာသည်။

စိတ်တည်ကြည်သူ လမ်းကား ဤသို့တည်း။

စိတ်ကို ထိန်းသိမ်းချုပ်တည်း၍ ပိုင်သလောက် ပိုင်လာသောအခါ မိမိ ကျင့်ကြံနေသော အကျင့်ကို၊ ကျင့်စဉ်ကို ဝါကျကို တည်ပြီးလျှင် ကျင့်ရာသည်။

mgyoe.com

mgyoe.com


ထိုသဘောကား ဤသို့တည်း။

အဂတိ မလိုက်စား၊ ဘက်မလိုက်ဘဲ သဘောထား ပြည့်ဝရမည်။

မိမိ၏ အိမ်ရှင်မအပေါ်၌ဖြစ်စေ ဘက်မလိုက်၊ အဂတိ မလိုက်မှု၍ ကျင့်ကြံနေထိုင်ရာသည်။ မိမိ၏ အိမ်ရှင်မ သန္ဓေတိုက်ခန်း သန့်ရှင်းစင်ကြယ်သည့် အခါ၌သာ၊ မယားဖြစ်သူက သားလိုလားသည်ဟု တောင်းဆိုသောအခါ၌သာ ကာမမေထုန်မှုကို ပြုရာသည်။

ထိုသို့ဆိုသော် အဘယ်ကြောင့် အိမ်ထောင်ပြုသနည်း။ မိန်းမမည်သည် ယောကျ်ားတစ်ယောက်အား စိတ်နှလုံး ကြည်လင်ရွှင်ပျအေးမြစေနိုင်သည်။ တိုင်းပြည်တွင် လူဦးရေ ပေါများအောင် လူမွေးဖွားသည်။ ထိုသဘောတို့ကြောင့် မိန်းမတစ်ယောက်ကို မြှောက်စားရာသည်။ မိန်းမအား မည်သည့်ပြစ်မှုကိုမျှ အပြစ်ဟု မထားရာ။

သတ္တဝါတစ်ခုအပေါ်၌ သနားကြင်နာရမည်။ မည်သူ့အပေါ်၌မဆို ချမ်းသာလျှင်၊ ကောင်းစားလျှင်၊ တင့်ပလျှင် ဝမ်းသာရမည်။ သူတစ်ပါး၏ ပြစ်မှုကို လျစ်လျူပြု၍ မိမိ၏အပြစ်ကိုသာ ရှာပြီးလျှင် အပြစ်နည်းနိုင်သမျှ နည်းအောင် ကြိုးစားကာ သူတစ်ပါး၏ အကျိုးကို မျက်နှာမလိုက်ဘဲ တတ်အားသရွေ့ ဆောင်ရွက်ရာသည်။

တင်းတိမ် ရောင့်ရဲ၊ သည်းခံ၊ ကိုယ်ကို နှိမ့်ချ။

ထိုသို့သော သဘောတို့နှင့် ပြည့်ဝနိုင်သမျှ ပြည့်ဝခြင်းနှင့်အညီ စိတ်တည်ခြင်း၊ စိတ်၏တည်ကြည်ခြင်းကို ဖြစ်စေခြင်းပေတည်း။

တင်းတိမ်ရောင့်ရဲမှု မရှိဘဲ လိုချင်နေသူ၊ သည်းမခံဘဲ တုန်လှုပ်သူ၊ ထောင်လွှားတက်ကြွသူတို့၏ အင်းကစားမှုသည် အောက်လမ်းသမားတို့၏ ဝါဒသာလျှင်ကတည်း။

စိတ်ကို တည်ကြည်နိုင်သမျှ တည်ကြည်ပါစေ။

အကြင်သူတစ်ယောက်သည် လုပ်ရပ်လမ်းကို လိုက်ရာ ပြဒါးလမ်းကို လိုက်၏။ အဘယ်ကြောင့် လိုက်သနည်း။ ရွှေ ငွေ ဖြစ်လိုသောကြောင့် လိုက်၏။ ထိုသူသည် ရွှေ ငွေ မဖြစ်နိုင်။ သို့တည်းမဟုတ် ဝိဇ္ဇာတန်ခိုးကို သိ၍ ဝိဇ္ဇာဖြစ်လိုသောကြောင့် လိုက်၏။ ပြုလုပ်၏။

mgyoe.com

mgyoe.com


ထိုသူသည်လည်း မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် အလိုရှိခြင်းသည် ကျမ်းဂန်စကားအရ လောဘဖြစ်၏။ လောဘသည် ညစ်ညမ်း၏ (ဝါ) ညစ်ညူး၏။ လောဘသမားမည်သည် ထိုသဘောကြောင့် ညစ်ညူးနေသူ၊ ညစ်ညမ်းနေသူ ဖြစ်၏။

ထို့ကြောင့် လောဘသမားများမည်သည် မည်သူမဆို အချင်းချင်း တိုက်လျက်ရှိ၏။ ၎င်းတို့သည် သဘာဝအားဖြင့် တစ်ဦးတစ်ဦး ငြူစူဝန်တိုလျက် ရှိသောကြောင့်၊ မနာလိုသောကြောင့် တစ်ဦးပျက်စီးမှုကို တစ်ဦးက မနာလိုသောကြောင့် တိုက်လျက်ရှိနေ၏။ လူ့ဘုံ၌ များသောအားဖြင့် လောဘကြီးသူချင်းသည် အမြဲတိုက်လျက်ရှိ၏။ ထို့ကြောင့် တန်ခိုးရှိသော လောဘသမားက အမြဲ ဖျက်ဆီးနှောင့်ယှက်ကာ ရှိနေပေ၏။ ထိုသဘောကြောင့် မဖြစ်နိုင်ချေ။ လူသာလျှင် ပြာကျလျက် ပြဒါးကား ပြာမကျနိုင်ချေ။

သံဝိဇ္ဇာလမ်းသို့ လိုက်သူလည်း ထိုနည်းလည်းကောင်း တွေ့ရမည်သာ ဖြစ်၏။ ထို့ကြောင့် မတစ်လုံးကျေသော ခင်ကြီးဖျော်အစရှိသည့် ပညာရှိပုဂ္ဂိုလ်ကြီးများက လုပ်ရပ်ကျမ်းကို လိုက်လျှင် မြစ်တွင် ရေစုန်ကူးနေသောသူနှင့် တူမည်သာလျှင်ကတည်း။ လုပ်ရပ်ကျမ်းကို လိုက်စားသောသူသည် လောဘ၊ ဒေါသ၊ မာနတို့ကို ချုပ်ငြိမ်းနိုင်သမျှ ချုပ်ငြိမ်း၍၊ နည်းနိုင်သမျှ နည်း၍ စိတ်၏လွင့်ပါးခြင်းကို မလွင့်ပါးရအောင် တည်ကြည်ခြင်းကို ရနိုင်သမျှရဖို့ ကြိုးစားလုပ်ဆောင်ရာသတည်းဟု လုပ်ရပ်ကျမ်းများတွင် နိဂုံးချုပ်ထား၏။

ထို့အတူ မန္တန်ဝိဇ္ဇာလမ်းကို လိုက်သူမှာလည်း အလွန့်အလွန် ဖြစ်နိုင်ခဲ၍ အောင်မြင်ခါနီးမှ ပျက်စီးရပြီးသော် ရှုးကြောင်ကြောင် အဖတ်တင်ရမည်သာလျှင်တည်း။

အင်းအတတ်ကို လိုက်သောသူမှာလည်း တစ်စုံတစ်ခုသော တန်ခိုးကို လိုသောကြောင့် အင်းဝိဇ္ဇာကို သဘောကျ၍ အင်းဝိဇ္ဇာကို သဘောကျသောကြောင့်၊ အင်းဝိဇ္ဇာ ဖြစ်လိုသောကြောင့် လိုက်စားပြုလုပ်သောသူတို့သည် ကြောင်တောင်တောင် လူလိမ်လူညာ၊ လူဝါအဖြစ်

mgyoe.com

mgyoe.com


နှင့်သော်လည်းကောင်း၊ ရှုးကြောင်ကြောင် လူစုတ်ပဲ့ အဖြစ်နှင့်သော် လည်းကောင်း အဖတ်တင်နေမည်သာလျှင်ကတည်း။

ထို့ကြောင့် ထိုအတတ်ပညာကို လိုက်စားသော သူတို့လည်း လောဘ၊ ဒေါသ၊ မာနတို့ နည်းနိုင်သမျှ နည်းအောင်၊ စိတ်က မလေလွင့်အောင် စိတ်ကို ချုပ်တည်း ထိန်းသိမ်းနိုင်သမျှ ထိန်းသိမ်းပြီးလျှင် စိတ်၏တည်ကြည်ခြင်းကိုသာ ရအောင် ကြိုးစားရာချေသတည်း။

ဆေးဝိဇ္ဇာ၊ မြေအောင်းဝိဇ္ဇာလမ်းတို့ကို လိုက်သော သူတို့မှာလည်း မိမိ၏ ထင်ပေါ်ကျော်စောမှု၊ ဂုဏ်ကြီးမှု စသော မိမိ၏ အကျိုးကို စွန့်လွှတ်၍ လောက၏ အကျိုးစီးပွားကို ဆောင်တော့မည်ဟု ရဲရဲတောက် စိတ်ထားရှိသူတို့၏ လုပ်ငန်းမျှသာဖြစ်၍ လူတစ်သန်းမှာ တစ်ယောက်မျှသာလျှင် ပေါက်မြောက်နိုင်ဖို့ ခဲယဉ်းသတတ်ပေတည်း။

စိတ်ကို တည်ကြည်နိုင်သမျှ တည်ကြည်ခြင်းဖြစ်အောင် ကျင့်ဆောင်ခြင်းသည်သာလျှင် လူတို့၌ မွန်မြတ်ဖွယ်သော ကျင့်စဉ်တည်း။ ပြီးစီးသောသူများသည် ထိုသူတို့သာလျှင်ကတည်း။

❖

mgyoe.com

mgyoe.com

# (၂)
# မပြုံးနှင့်

လူ့ဘုံ၊ လူ၏ဘုံ၊ ဤဘုံကို လူက ပိုင်နေသလို ဖြစ်၏။ ပိုင်နေသလား၊ သက်ဆိုင်ရာ၊ သက်ဆိုင်ရာတို့က ပိုင်နေသလား။ မပိုင်ခဲ့သော် လူ့ဘုံသည် ဘာလဲ။

သို့သော် ပိုင်သလိုပဲဟု စဉ်းစားစရာပေါ့။ ကျွန်ုပ်သည် အားပြတ်လုမတတ် ဖြစ်သွားပြီးလျှင် အစာစား၍ ခံတွင်းမလိုက်သောကြောင့် စဉ်းစားနေ၏။ ထိုအတွင်း ခြောက်တန်းမှာ သင်နေသော ရှေးက ဒုတိယတန်းမှာ တွက်နေသည့် ငွေဝေပုဉ္စာမျိုးကို မတွက်တတ်သည့် သမိုင်း၊ သိပ္ပံတို့၌ ကြက်တူရွေးထက်သာအောင် ရွတ်တတ်သည့် မြေးမကလေးက ဝါဆိုလအတွက် ငွေနှစ်ကျပ် ထည့်ရမည်ဟု တီချယ်က ဆိုသည်ဟု လာပြောသောကြောင့် ငွေနှစ်ကျပ် ပေးလိုက်၏။

ထိုကျောင်းမှာ ငါးတန်းကို စ၍ ဆယ်တန်းအထိ ကျောင်းသားတစ်ထောင်ကျော် ရှိသဖြင့် ငွေအတော်ရမည်ဟု စိတ်တွင် ခန့်မှန်းမိ၏။ ထိုအတွင်း ကျွန်ုပ် နေမကောင်းသည်ကို ကျောင်းဆရာတစ်ယောက် လာ၍ မေး၏။ ခင်ဗျားတို့ကျောင်းက ဝါဆိုလမှာ ဘာများလုပ်မလဲဟု မေး၏။ ဆရာက သင်္ကန်းကပ်၊ ဘုန်းကြီးဆွမ်းကျွေး ပြုလုပ်မည်ဟု ပြောပြ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်ကား နေရောင်၊ လရောင်နှင့် တုပြိုင်၍ ထွန်းပြောင်တောက်ပနေသော နီနီရဲ ထိန်လင်းနေသည့် ခေတ်ကြီး၌ ပါးစပ်ကို ပိတ်နိုင်သမျှ ပိတ်၊ မျက်စိကို မှိတ်နိုင်သမျှ မှိတ်ဟု လမ်းစဉ်ချကာ ကျင့်သုံး ဆောက်တည်နေ၍ တစ်စုံတစ်ရာမျှ မပြောဘဲ တိတ်နိုင်သမျှ တိတ်ကာ တံတွေးငုံနေခဲ့၏။

သို့လင့်ကစား ကျွန်ုပ်သည် ဤသို့ စဉ်းစားမိ၏။

ဝါဆိုသင်္ကန်းကပ်သည်ဟု ဆိုကြ၏။ ဘုန်းတော်ကြီး မည်မျှအား မည်မျှ ကပ်ပါသလဲ။ ဝါဆိုအံ့သော ကိုယ်တော်အရှင်မြတ်များ အားလုံးအား ကပ်သလား။ သို့တည်းမဟုတ် ဝါဆိုရန် သင်္ကန်းမရှိသည့် ကိုယ်တော်များအား ရွေးချယ်စိစစ်ကာ ကပ်ပါသလား။ ထိုသင်္ကန်းကို ကပ်တော့မှ ကိုယ်တော်မြတ်များ ဝါဆိုနိုင်ပါသလား။

မည်သို့သော ကိုယ်တော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းကို ကပ်ပါသလဲ။ ဝါဆိုရန် သင်္ကန်းလုံလုံလောက်လောက်ရှိသော ကိုယ်တော်အရှင်မြတ်အား ဝါဆိုသင်္ကန်း ကပ်လှူမိသော် ထိုသင်္ကန်းတော်ကို ကိုယ်တော်သည် မည်ကဲ့သို့ အသုံးချရမည်နည်း။ မည်သို့မျှ မသုံးဘဲ အပိုင်ပစ္စည်းအဖြစ်နှင့် သိမ်းဆည်းထားရမည်လား။

ဝါဆိုသင်္ကန်းကပ်ရာ၌ အပ့်သဘောနှင့် ထီး၊ ဖိနပ်တို့လည်း အချို့မှာပါသေး၏။ ဝါဆိုထီး၊ ဝါဆိုဖိနပ် ကပ်လှူခြင်းလား။ ဝါဆိုသပိတ်နှင့် ဝါဆိုအပ်၊ အပ်ချည်တို့ကို ကပ်လှူပါလား။

ထိုမှတစ်ပါး ဝါဆိုဖယောင်းတိုင်ဟု လက်မောင်းခန့် ပမာဏရှိ ဖယောင်းတိုင်ကြီးများ၊ ဖယောင်းတိုင်ထုပ်ကလေးများလည်း ကပ်လှူကြ၏။ ၎င်းတို့ရှိမှ ဝါဆို၍ ဖြစ်လေသလား။

ရှေးက ဘုန်းတော်ကြီးကျောင်းမှာ နေခဲ့ရရာ ဝါဆိုမည့်အခါ၌ ဝါဆိုမီးရှူးဟု ဝါးကပ်များကို ကြမ်းစည်း ပြုလုပ်ကာထားရ၏။ ဝါတွင်း ဦးပဥ္စင်းဖြစ်စေ၊ ဘုန်းကြီးဖြစ်စေ၊ ရှင်သာမဏေဖြစ်စေ၊ ကိစ္စရှိ၍ အရပ်တစ်ပါးသို့ သွားရရာမှာ ညအချိန်တိုင် ပြန်ရောက်မလာသောအခါ ထိုမီးရှူးနှင့် မီးညှိကာ သွားရောက်ကြိုရ၏။

mgyoe.com

mgyoe.com


ယခုခေတ်၌ကား ဝါဆိုဓာတ်မီး၊ ဝါဆိုအောက်လင်း ဓာတ်မီးများ ပြု၍ လှူထားရသော် သင့်မလား။

ထိုဝါဆိုခြင်းကို အကြောင်းပြု၍ သင်္ကန်းကပ်ခြင်းကို ယိုးမယ်ဖွဲ့ပြီးလျှင် ရေးခဲ့ခြင်းမှာ ဟိုရောက်သည်ရောက် ဖြစ်ခဲ့၏။ ထိုဝါဆိုခြင်းကိုပင် အကြောင်းပြု၍ များစွာသော အရပ်များတွင် ဝါဆိုပန်းကပ်ဟု အတီးအမှုတ် အကအခုန်တို့နှင့် ပြိုင်ဆိုင်ကာ အပြိုင်ပြုပြီးလျှင် စေတီတော်တို့သို့လည်းကောင်း၊ မိမိနှင့် အလွမ်းသင့်ရာ ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း သွားရောက်ကြ၏။ ကျောင်းကလည်း အကျပင် ဧည့်ခံသည်ဟု ပြောကြ၏။ ပြန်လာသောအခါလည်း တီးမှုတ် ကခုန်၍ သူ့ထက်ငါ ပျော်ပါးပြုကာ ပြန်လာကြ၏။ ကချင်သော အပျိုများသည် သာ၍ သွား၏။

ထိုဝါဆိုပန်းကပ်ခြင်းနှင့် ဝါဆိုခြင်းသည် ဆိုင်သလား။

ဝါဆိုခြင်းကား ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ည ခုနစ်နာရီ လောက်ကစ၍ 'ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံဝဿံ ဥပေမိ' ရွတ်ဆိုကာ ဝါဆိုကြ၏။ ပြဆိုခဲ့သည်တို့နှင့် မည်သို့ သဘောသက်ဆိုင်ပါဘိသနည်း။

ဤသည်တို့ကို တစ်ခန်းရပ်ထားဦး။ ရဟန်းတော်များအား ဝါဆိုလပြည့်ကျော် တစ်ရက်နေ့၌ ကျောင်းများ (အစိုးရကျောင်းများ) က ဆွမ်းကပ်ကြ၏။ ထိုဆွမ်းကပ်ကြရာ၌ မျက်နှာကြီးရာ အရပ်ထဲမှ ကျောင်းသားမိဘများကိုလည်း ဖိတ်၍ ထမင်းကျွေးကြ၏။ လုပ်ကိုင်သူများနှင့် ကျောင်းဆရာအချို့၊ အချို့ကျောင်းသားကြီးများလည်း ထမင်းကောင်း ဟင်းကောင်း၊ လက်ဖက်ရည်ပွဲကောင်းနှင့် စားသောက်ကြရ၏။ ပျော်စရာပေါ့။ အခြားကျောင်းသားပေါင်းများစွာသည် ငွေနှစ်ကျပ်စီ ထည့်ကြရသော်လည်း ဘာမျှ မသိသလို ငတိ၊ ငတိမများ အဖြစ်နှင့် ရှိကြ၏။

ဤသို့ ဆွမ်းကျွေးခြင်းနှင့် ရဟန်းတော်များ ဝါဆိုခြင်းသည် မည်သို့ သက်ဆိုင်သနည်း။ ဝါဆိုသင်္ကန်းကပ်ခြင်း၊ ဆွမ်းကျွေးခြင်း၊

mgyoe.com

mgyoe.com


ဝါဆိုပန်းကပ်ခြင်းသည် မည်ကဲ့သို့ သက်ဆိုင်ပါသနည်း။ ဗုဒ္ဓဘာသာ၌ အတီးအမှုတ် အကအခုန်တို့နှင့် ဝါဆိုပန်းကပ်ဟု သွားကြခြင်းသည်လည်းကောင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်းသည်လည်းကောင်း မည်သို့သော ဗုဒ္ဓဘာသာ အယူဝါဒပါနည်း။

ထိုသို့ ဝါဆိုပန်းကပ်ခြင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်း၊ ဆွမ်းကျွေးခြင်းတို့သည် ကုသိုလ်ရသည်ဟု ယူဆသလား။ ကောင်းမှုပြုသည်ဟု ချီးကျူးရာသလား။ ဒါနသတ္တာအကမ္မာ ဝစရော ဟု စာဆိုရှိသည်နှင့်အညီ နတ်ပြည်သို့ ရောက်လိုသောကြောင့်လည်းကောင်း၊ ဘာကြောင့် နတ်ပြည်သို့ ရောက်လိုသလဲ။ ယောကျာ်းများမှာ နတ်သမီး တစ်ဖက်ငါးရာနှင့် နေလို၍ဆိုသော် ရှိပါစေတော့။ မိန်းမများမှာ နတ်သား တစ်ဖက် ... ... ... ဟာ အခက်သားကလား။

စင်စစ် ထိုသို့ ဝါဆိုပန်းကပ်ရန်ဟု အတီးအမှုတ် အကအခုန်တို့နှင့် တစ်ရပ်နှင့်တစ်ရပ်ပြိုင်ကာ မိမိတို့ ကြည်ညိုရာ ကျောင်းသို့ သွားရောက်ပြီးနောက် အပြန်တွင်လည်း တပျော်တပါး ကခုန်၍ ပြန်လာကြကုန်၏။ ဤမျှလောက် ပျော်၍မဆုံး၊ အပျော်အပါးကို မမုန်းနိုင်သော သူတို့အား...

တကတဲ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်နေသော လယ်သမားကြီးအချို့မှာ မိုးရေထဲ၌ လယ်ထွန်၍ တစ်ထည်စို၍ တစ်ထည်လဲစရာ မရှိဟု သတင်းစာတွင် တွေ့ရသည်။ ထိုသူတို့အား စေ့ငု၍ လုံကွင်းလှူကြချေသော် တော်တော်ပင် ဆီငေါ်တည့်ပေလိမ့်မည်။

ထိုသို့ ဝါဆိုခြင်းနှင့် ပတ်သက်၍လည်း များစွာသော သံဃာတော်တို့အား ဆွမ်းဆန်စိမ်းလှူသည်ဟု သတင်းစာတွင် တွေ့ရလေသည်။ ရဟန်းသံဃာတော်တို့အား ဆွမ်းဆန်စိမ်း လှူသည့်သဘောမှာ အဘယ်ကဲ့သို့သော သဘောပါနည်း။

ရဟန်းတော်များသည် ဆွမ်း၊ ဆွမ်းဟင်း ချက်ပြုတ်၍ စားရာသလော။ သို့တည်းမဟုတ် ကပ္ပိယအား၊ တစ်စုံတစ်ယောက်သောသူ

mgyoe.com

mgyoe.com


အား ဤသို့လျှင် ဆွမ်း၊ ဆွမ်းဟင်း ချက်ပြုတ်၍ ငါ့အား ကပ်လော့ဟု ပြုရာသလော၊ ထိုသို့သော သဆောတို့ကို မြတ်စွာဘုရားသည် နှစ်သက်တော်မူပါသလော။

ရဟန်းတို့အား ပင့်ဖိတ်၍ လှူသောဆွမ်းကို ဘုဉ်းပေးတော်မူခြင်းနှင့် အရပ်ကို လှည့်လည်ခံပြီးလျှင် ရသော ဆွမ်း၊ ဆွမ်းဟင်းတို့အား ဘုဉ်းပေးသော ရဟန်းတို့ကို မြတ်စွာဘုရားသည် နှစ်သက်တော်မူပါသလော။

ဒကာသည် သာသနာကို ချီးမြှင့်ထောက်ပံ့ ပြုစုသည်မှာ ချီးကျူးစရာပင် ဖြစ်ချေသည်။ သို့ရာတွင် မြတ်စွာဘုရား၏ အလိုတော်နှင့် ဆန့်ကျင်ဘက် ဖြစ်သွားမည်ကိုလည်းကောင်း၊ သီရိပစ္စယာခေတ်က အရည်းကြီးများနှင့် ၎င်းတို့၏ ဒကာများတို့ကဲ့သို့ ဖြစ်သွားမည်ကိုလည်းကောင်း သတိပြုရာသည်။

မြတ်စွာဘုရားသည် ရဟန်းတို့အား မိုးဥတု သုံးလအတွင်း၌ အဘယ်ကြောင့် ဝါဆိုရမည်ဟု ပညတ်တော်မူသည်ကို သတိပြုရာသည်။

မြတ်စွာဘုရားသည် ရဟန်းတို့အား ထိုသို့ ဝါဆိုရန် ပညတ်တော်မူသည်မှာ အကြောင်းမဲ့ မဟုတ်ချေ။

မိုးဥတုအတွင်း၌ကား ရဟန်းတော်တို့သည် ဒေသစာရီ လှည့်လည်တော်မူ၍ အိမ်ထောင်သားတို့၏ အကျိုးကို ဆောင်ရွက်သင့်စေကာမူ ထိုအချိန်အခါသည် တောနေ လူတစ်စုတို့၌ တောင်သူတို့၏ ဘဝ အများအားဖြင့် လုပ်ကိုင်ကြသောကြောင့် မအားလပ်သော အချိန်အခါ ဖြစ်ချေသည်။ ထို့ကြောင့် ထိုသဘာဝကို ရှေးရှုပြီးလျှင် ရဟန်းတော်များသည် တစ်နေရာ၌ သုံးလပတ်လုံး သီတင်းသုံးနေတော်မူရန် ပညတ်ထားဟန် ရှိပေသည်။

ထိုသို့ရှိရာ၌ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း ရဟန်းကိစ္စမပြီးသော အချို့ရဟန်းတို့အား မည်သည့်နေရာ၌ မည်သည့်ကမ္မဋ္ဌာန်းကို အားထုတ်၍ သီတင်းသုံးလော့ဟု ညွှန်ပြတော်မူပေသည်။

mgyoe.com

mgyoe.com


အချို့ရဟန်းကိစ္စ မပြီးသော ရဟန်းတို့အားလည်း မိမိတို့၏ ဆရာများက ဤမည်သော ကမ္မဋ္ဌာန်းကို အားထုတ်၍နေလော့ဟု ဆုံးမခြင်းအားဖြင့်လည်းကောင်း၊ အချို့တို့ကား မိမိ နှစ်သက်ရာ ကမ္မဋ္ဌာန်းကို အာရုံပြု၍လည်းကောင်း သီတင်းသုံးတော်မူကြလေသည်။

ထိုသို့ သီတင်းသုံးတော်မူကြ၍ မိုးလကုန်၍ ဝါကျွတ်သောအခါ အချို့ သောတာပန်၊ အချို့ အနာဂါမ် ဆိုက်၍လည်းကောင်း၊ အချို့ ရဟန်းကိစ္စ ပြီး၍လည်းကောင်း မြတ်စွာဘုရားထံသို့ဖြစ်စေ၊ ထေရ်ကြီးဝါကြီး ဥပဇ္ဈာယ်ဆရာများထံဖြစ်စေ လာရောက် ကန်တော့ကြလေသည်။

အချို့ ရဟန်းကိစ္စပြီးသော ကိုယ်တော်အရှင်မြတ်တို့ကား တစ်နေရာ၌ဖြစ်စေ၊ မြို့၌ဖြစ်စေ၊ ရွာ၌ဖြစ်စေ သီတင်းသုံးတော်မူ၍ တရားဒေသနာနှင့်သော်လည်းကောင်း၊ အလှူခံခြင်းဖြင့်လည်းကောင်း ဒကာဒကာမတို့၏ အကျိုးကို ဆောင်တော်မူလေသည်။

ဤသို့လျှင် သဘောကို အကျဉ်းရုံး၍ ပြဆိုခဲ့ခြင်းဖြင့် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းကို သတိထားရန် သင့်၊ မသင့်ကို စဉ်းစားသင့်ပေသည်။ ဒကာသည် သာသနာကို ချီးမြှင့်ထောက်ပံ့ ပူဇော်ရမည်ဖြစ်သော်လည်း ထိုသို့သော သာသနာကို ချီးမြှင့်ထောက်ပံ့ ပူဇော်ရမည် ဖြစ်သော်လည်း ထိုသို့ သာသနာတော်အား ချီးမြှင့်ထောက်ပံ့ ပူဇော်ခြင်းဖြင့် သာသနာတော်အား ထိခိုက်မည်၊ မထိခိုက်မည်ကိုလည်း အထူးသတိပြုသင့်ပေသည်။

ထိုသို့ ဝါဆိုခြင်းနှင့် ပတ်သက်၍ အကျဉ်းရုံးကာ ပြဆိုခဲ့သဖြင့် ယခုခေတ်၌ ရှေးရှေးခေတ်မှာကဲ့သို့ ဝါကျွတ်သောအခါ သောတာပန်ဖြစ်သောရဟန်း မည်မျှ၊ ရဟန်းကိစ္စပြီးသော ရဟန်းမည်မျှဟု မပေါ်မထွက်လာပါတကားဟု ဒကာ ဒကာမ အပေါင်းတို့သည် စိတ်တွင် တွေးတောကြံဆခြင်း မရှိရာ။

အကြင်ရဟန်းသည်လည်းကောင်း၊ အကြင်သာမဏေသည်လည်းကောင်း ငါသည် သောတာပန် ဖြစ်ပြီ၊ ငါသည် အနာဂါမ် ဖြစ်ပြီ၊

mgyoe.com

mgyoe.com


ငါသည် ရဟန္တာ ဖြစ်ပြီဟု မပြောအပ်၊ မပြောရဟု မြတ်စွာဘုရားသည် ပညတ်တော်မူလေပြီ။ ထိုသို့ ပြောခြင်းကိုလည်း မြတ်စွာဘုရားသည် မနှစ်သက်ချေ။

ဗုဒ္ဓဘာသာဝင်ဆိုသော ဒကာ ဒကာမ အပေါင်းတို့ကား မြတ်စွာဘုရား၏ အလိုတော်ကျ သွားခြင်း၊ လာခြင်း၊ နေခြင်း၊ ထိုင်ခြင်း၊ ဆွမ်းခံခြင်း၊ ဆွမ်းဘုဉ်းပေးခြင်း စသည်တို့ကို ပြုတော်မူသော ကိုယ်တော်တို့အား ရဟန္တာဟူ၍ပင် သဒ္ဓါတရားကို ရှေ့ထား၍ လှူခြင်း၊ ပူဇော်ခြင်းတို့ ပြုကြရာသည်။ ဤသည် ဗုဒ္ဓဘာသာ၏ အလေ့ဖြစ်သည်။

ကိုယ်တော်များသည် ရဟန္တာ မဖြစ်ခြင်းသည် ဒကာ ဒကာမတို့နှင့် မသက်ဆိုင်၊ ကိုယ်တော်များနှင့်သာ သက်ဆိုင်သည်ဟုသိ၍ စေတနာ၊ သဒ္ဓါတရားနှင့်သာ သက်ဆိုင်ပေသည်။ ဘယ့်နှယ် ဒကာမကြီး ခင်ခင် မမြင်ပါလား၊ နေမှကောင်းရဲ့လား၊ ဝါတာဘာရီ၊ ဘက်တာမီကွန်ပေါင်းဟာ အမျိုးသမီးများနှင့် သိပ်တော်တယ်။ ထိုကဲ့သို့ လောကအကြောင်းကို နားလည်သော ကိုယ်တော်တို့အားသော်လည်းကောင်း၊ ပထမကြီး အောင်သည်၊ စာချတန်း အောင်သည်၊ ကိုးကျမ်းအောင်သည် ဆိုသော ကိုယ်တော်တို့အားသော်လည်းကောင်း၊ စာပို့ချနေသည်ဆိုသော ကိုယ်တော်တို့အားသော်လည်းကောင်း စေတနာ သဒ္ဓါတရားကို ရှေ့ထား၍ လှူအပ်၊ ကိုးကွယ်အပ်၊ ပူဇော်အပ်၏ ဟူ၍ သဘောထားသင့်ပါသလား။

မြတ်စွာဘုရားလက်ထက်တော်နှင့် ရှေးရှေးက ပထမကျော်အောင်သော ကိုးကျမ်း၊ စာချတန်း အောင်သော ကိုယ်တော်တို့ ဟူ၍ မရှိချေ။ ထို့ကြောင့် မြတ်စွာဘုရား ဆုံးမထားသည့်အတိုင်း တည်သော ကိုယ်တော်တို့အား ရဟန်းဟူ၍ စေတနာ သဒ္ဓါတရားကို ရှေ့ထားပြီးလျှင် ရှေးကကဲ့သို့ လှူခြင်း၊ ပူဇော်ခြင်းတို့ကို ပြုသင့်၊ မသင့်ဟု စဉ်းစားရာချေသည်။

ရဟန်းတို့၌ ကိလေသာ ခန်းခြောက်အောင် ကျင့်နေသော ပုဂ္ဂိုလ်၊ ရဟန်းတို့ တတ်သိအပ်သော အကျင့်နှင့် စာပေများကို သင်ကြားနေ

mgyoe.com

mgyoe.com


သော ပုဂ္ဂိုလ်၊ ပါရမီ ဖြည့်ဆည်းနေသော ပုဂ္ဂိုလ်ဟူ၍ ရှိလေသည်။

ရဟန်းတို့နှင့် ဆိုင်သော စာပေများကို သင်ကြားနေသော ကိုယ်တော်များသည်လည်း စာချနေစဉ်၊ စာလိုက်နေစဉ် နှောင်ဖွဲ့ခြင်း ဆယ်ပါး၊ ကိလေသာ ဆယ်ပါး၊ မကောင်းသောအကျင့် ဆယ်ခု၊ ဈာန်မဂ်တို့ကို ပိတ်ပင်တတ်သည့် သောင်းကျန်းခြင်း ဆယ်ခု၊ အာရုံဖြင့် စွဲကပ်ကိန်းဝပ်နေခြင်း ခုနစ်ပါးတို့ကို မပေါ်ဘဲ ငြိမ်းနေသည်။ ခေတ္တကိလေသာ ခန်းခြောက်နေရာရောက်သည်။

စာချနေသော ကိုယ်တော်သည် ထိုသို့ စာချနေခြင်းကြောင့်၊ စာသင်ပေးနေခြင်းကြောင့် တစ်စုံတစ်ခုသော ဂုဏ်၊ ထင်ပေါ်ကျော်ကြားမှု ဆုလာဘ်သပ်ပကာတို့ကြောင့်ဟု မျှော်လင့်ချက် တစ်စုံတစ်ရာ မရှိသဖြင့် ထိုအချိန်တွင် တွေဝေဖုံးလွှမ်းခြင်း ကင်းပြီးလျှင် အလင်းရောင် ဝင်နေသည့်အားလျော်စွာ လောဘ၊ ဒေါသ၊ မာနတို့ ကင်းငြိမ်းကာ နေလေသည်။ ထို့ကြောင့် ခေတ္တ တစ်ခဏကလေး ရဟန္တာစိတ်ရနေသကဲ့သို့ ဖြစ်ချေသည်။

စာလိုက်နေသော ကိုယ်တော်၊ စာဆိုနေသော ကိုယ်တော်၊ စာပြန်နေသော ကိုယ်တော်တို့မှာလည်း အလင်းရောင် ခဏဝင်နေ၍ ညစ်ညူးခြင်း ဖြစ်သည့် လောဘ၊ ဒေါသ၊ မာနတို့ ဆိတ်နေသည်ဖြစ်၍ ရဟန္တာစိတ် ပေါ်နေသကဲ့သို့ ဖြစ်ချေသည်။

ထိုသို့သော ကိုယ်တော်တို့အား နံနက်စောစော ရဟန္တာဟူ၍ ပိဏ္ဍပါတ်ဆွမ်း လောင်းရခြင်းသည်လည်းကောင်း၊ တိုင်ကပ်နာရီ၊ လက်ပတ်နာရီ၊ ခုတင်၊ ပက်လက်ကုလားထိုင်ကြီး၊ လင်ပန်းကြီး၊ ဒန်အိုးကြီး စသည်တို့ မဟုတ်ဘဲ ရဟန်းတို့၏ အသုံးအဆောင်ဖြစ်သည့် ပရိက္ခရာရှစ်ပါးကို ထိုရဟန်းများ၊ ထိုသာမဏေများ အလိုရှိသောအခါ လှူခြင်းတို့သည် ရဟန္တာအား လှူရခြင်း ဖြစ်နိုင်ပေသည်။

ထိုသို့သော ဒကာ ဒကာမတို့မှာ မည်သို့သော မိမိ၏အကျိုးကို လိုလားသဖြင့် လှူခြင်းမဟုတ်ဘဲ ရဟန်းများကြောင့် အရဟတ္တဇ နွယ်ဝင် ရဟန်းများ ဖြစ်ခြင်းကြောင့် ရဟန္တာပြု၍ ရဟန်းများအပေါ်တွင်

mgyoe.com

mgyoe.com


ဒကာတို့ ပြုအပ်သော ဝတ္တရားကို ပြုရာရောက်သည့်အတိုင်း အလွန်စင်ကြယ်သည့်ကောင်းမှု ဖြစ်ချေသည်။

ထိုသို့သောသူတို့သည် ကပ်သုံးပါးမှ လွတ်နိုင်တတ်၍ ဝိပ္ပတ္တိခေတ်ကြီးမှလည်း လွတ်ကင်းနိုင်တတ်ပေသည်။

ဤမည်သော ဂုဏ်ထူးနှင့် ပြည့်စုံ၍ မိမိ၏ အကျိုးတစ်စုံတစ်ရာကို ရည်ရွယ်ကာ လှူဒါန်းသော သူတို့မှာ ညစ်ကြေးခြင်းဖြစ်သည့် လောဘ မှုရင်းပါနေ၍ စဉ်းစားပြီးလျှင်သာ ဆုံးဖြတ်လေတော့။

စာဖတ်သော မိတ်ဆွေ ထိုသို့ ရေးသောစာကို သေချာစွာ ဖတ်၍ မပြုံးပါနှင့်။ စာဖတ်ပရိသတ်အား မင်္ဂလာစကားနှင့် နှုတ်ဆက်ခြင်းပါ။

ကျွန်ုပ်ကိုယ်ကျွန်ုပ် လူညံ့တစ်ယောက်၊ သိမ်ဖျင်းသောသူတစ်ယောက်ဟု ယူဆမိတော့ပြီ။

ကျွန်ုပ်သည် နှစ်သက်ခြင်းအစာနှင့် နေနိုင်အောင် လေ့ကျင့်နေရာ စိတ်ကား ရသည်။ အားမဆုတ်၊ မလျှော့ဟုပင် ထင်သည်။ စာတ်ကကား ဝေးစွ ခြောက်ပါး၊ ဘယ်မှာရမလဲ။ ကျွန်ုပ် အင်အားဆုတ်ယုတ်သွားသော ရောဂါရ၍ တစ်လလောက် ခံရသည်။ တစ်နေ့သော ညမှာ နတ်ပြည်သို့ပင် ရောက်သွားသည်ဟု ထင်သည်။ ရူးပုံ၊ တော်တော့်ကို ရူးခြင်း။

ထိုသို့နှင့် မမာဘဲနေ၍ လာမေးကြသပေါ့။ လာမေးသူ ကိုယ်ရွှေကောင်းတို့က သူတစ်ပါးကို မကောင်းကြောင်း၊ သူတစ်ပါး မကောင်းပြုလုပ်ကြောင်းတို့ကို ပြောကြသည်။ ကျွန်ုပ်ကား အားမရှိ၍ နားကသာ ကြားရပြီးလျှင် ဝင်မတောနိုင်။ ကျွန်ုပ် ရူးကြောင်ကြောင်လည်း ဝင်တောနိုင်က မုချ ဝင်တောမည်။

သို့လင့်ကစား ကျွန်ုပ် စားပွဲခန်းမှာ ထိုင်၍ တစ်ယောက်တည်းရှိစဉ် စဉ်းစားမိသည်ကား ဤသို့ စပြီးလျှင် ကွင်းဆက် ဖြစ်လာသည်။

ကြက်ဖတစ်ကောင်နှင့် ကြက်မသုံးကောင်သည် (ဝါ) ဟိုဘဝက ကုသိုလ်ကောင်းမှုပြုခဲ့၍ ကြက်ဘဝမှာ အကျိုးပေးသောကြောင့်ထင့် ကြက်မသုံးကောင်တည်းဟူသော မယားသုံးကောင်နှင့် ကြက်ဖမောက်ပြား

mgyoe.com

mgyoe.com


လှလှကြီးသည် ဝင်းထရံအောက်ခြေမှာ ကြက်၏သဘာဝအတိုင်း ခြမျှားကို ယက်စားနေသည်။ ၎င်းကို အိမ်ရှင်မတစ်ယောက်က ကြည့်၍ သဘောကျသဖြင့် ပြုံးနေသည်။ ထိုနေရာသို့ပင် ထမင်းကျန် ဟင်းကျန် များကို ပက်သွားသေးသည်။

နောက်တစ်နေ့သော် ထိုအိမ်ရှင်မ ဈေးသို့သွားနေသည်။ ထို အတွင်း ၎င်း၏ခြံထဲ၌ အမှိုက်ပုံတစ်ပုံတွင် ကြက်ဖကြီးနှင့် ကြက်မ သုံးကောင်သည် ပျော်ပါးစွာ ယက်စားနေကြသဖြင့် အမှိုက်ပုံသည် ပွစနက ကြဲနေလေတော့သည်။

ထိုအိမ်ရှင်မသည် ဈေးကပြန်လာသောအခါ အမှိုက်ပုံ ပွစနကြဲ နေခြင်းကို မြင်တွေ့ရသဖြင့် ကြက်များကို မြည်တွန်တောက်တီးပြီး သော် ခဲနှင့် လိုက်ပစ်လေသည်။ မြည်တွန်တောက်တီးသည်မှာလည်း များစွာ ဖြစ်နေပေသည်။

နေ့လယ်ချိန်သော် ၎င်း၏ ကြက်ဖကြီးနှင့် ကြက်မသုံးကောင် သည် ဂေါ်ရခါးပင် မြစ်ခြေရင်းတွင် အမှိုက်သရိုက်များနှင့် မြေသြဇာ ကျွေးထားသည်ကို ယက်ပစ်ကြ၍ တစ်ဖန် ထိုအိမ်ရှင်မသည် ကြက် များကို အပြစ်ဆိုကာ ဆဲဆို၍ မြည်တွန်နေသည်။

၎င်းသည် ကြက်သဘာဝကို မစဉ်းစား ထိုအဖြစ်အပျက်၌ သူ သည် တရားလို၊ သူသည်ပင် တရားခံ ဖြစ်နေကြောင်းကို မစဉ်းစားမိ ချေ။ ကြက်သည် အမှိုက်ပုံကိုတွေ့သော် အမှိုက်ပုံထဲ၌ အောင်းနေသော ခြမျှား၊ ပိုးတီကောင်များ စသော ပိုးကောင်များကို ယက်၍စားမည်။ ဤသည် ကြက်၏သဘာဝ။ ဘာကြောင့် အမှိုက်ပုံပုံသလဲ။ အမှိုက်ပုံရှိ လျှင် ခြမျှား၊ ပိုးကောင်များ စသည်တို့ အောင်းမည်။ ထိုအခါ ကြက်သည် ယက်မည်။ ဤသည် လောကလူ့ဘုံ၌ ကြက်သဘာဝ။

အမှိုက်ပုံ ပုံသောကြောင့် ကြက်ယက်သည်။ ကြက်သည် တရားခံ အစစ်ဟု အမှိုက်ပုံသူသည် တရားခံအစစ် ဖြစ်ချေသည်။ အင်း... ဟု ကျွန်ုပ် ကြားရ သိရသည်တို့ကို ကျွန်ုပ် စဉ်းစားမိတော့ပြီ။ အမှိုက်ပုံ ထားသော် ကြက်ယက်မည်။ ကြက်မယက်စေလိုသော် အမှိုက်မပုံနှင့်။

mgyoe.com

mgyoe.com


လောကသည် ထိုသဘော။

လောကသားဆိုသော လူများသည် လောဘ၊ ဒေါသ၊ မာနကို မချုပ်တည်းလျှင် လောဘ၊ ဒေါသ၊ မာနတို့၏ ခိုင်းစေရာကို ပြုလုပ်နိုင်က ပြုလုပ်မည်။ ပြုလုပ်သည်ကို ယိုးမယ်ဖွဲ့ကာ အပြစ်မဆိုရာ၊ ကြက်နှင့် အမှိုက်ပုံသူကို သာဓက တင်စားပါလေ။

လောကလူ့ဘုံ ဆိုသည့်အတိုင်း လူတို့နေသော လောကကို လူသည် ခြယ်လှယ်ကာ ရှိနေပေသည်။ လူသည် လောကတွင် ဉာဏ်အများဆုံးလောက်ပင် ဖြစ်သည်။ ထိုသဘောအရ အမှိုက်ပုံရှိလျှင် ကြက်သည် ယက်မည် ဖြစ်သည့်အတိုင်း လူများသည် ကွင်းဆက်ပြု၍ ၎င်းတို့၏ လောဘ၊ ဒေါသ၊ မာနအတိုင်း အခွင့်သာ၍ စားကျက်တွေ့သော် ဉာဏ်ရှိသလို ကွန့်မြူးတတ်ခြင်းသည် သဘာဝဖြစ်ချေသည်။

ကြက်မယက်စေလိုသော် အမှိုက်ကို မပုံနှင့်။ မိမိသည် အမှိုက်ကို မပုံလင့်ကစား ကြက်သည် ယက်စားတတ်သော သတ္တဝါဖြစ်သော ကြောင့် ရှာကြံ၍ ယက်ပေလိမ့်မည်။

လူမှာလည်း အလိုရှိခြင်း၊ တုန်လှုပ်ခြင်း၊ ထောင်လွှားခြင်းတို့ကို မလျှော့သော သူတို့သည် ညစ်ပတ်သောသဘောကို တစ်နည်းနည်းနှင့် မွေးမြူတတ်သဖြင့် ကြက်သည် ယက်၍စားရန် အမှိုက်ပုံကို ရှာဘိသကဲ့သို့ ညစ်ပတ်ရန် အခွင့်အရေးကို အမြဲ ရှာကြံတတ်လေသည်။

ထိုမှတစ်ပါး လူသည် များသောအားဖြင့် ပိတ်ပင်ချုပ်ချယ် ဟန့်တားခြင်းကို မလိုလားတတ်ပေ။ ထိုသို့သော သဘောတွင် ညစ်ပတ်သော လူများသည် တိုင်းပြည်၌ လိုက်နာရန် ဥပဒေသည် မိမိကို ထိမည်ထင်သော် ထိုဥပဒေကို မနှစ်မြို့ချေ။ ချိုးဖဲ့ရန်ကိုပင် ကြံစည်တတ်လေသည်။

ကျွန်ုပ် တွေ့ဖူးသည်ကိုပင် တင်ပြရပေဦးမည်။

မြို့တစ်မြို့မှာ အိမ်ငှားနေသူ သားအမိတစ်စု ရှိသည်။ ၎င်းတို့သည် တောမြို့ကလေးက လာရောက်နေကြသည့်အတိုင်း ၎င်းတို့၏ စရိုက်ဉာဉ်ကို မဖျောက်သဖြင့် ဆက်ဆံရေးမှာ အတော်ပင် စဉ်းလဲသည် ဟု ဆိုစရာဖြစ်ချေသည်။

mgyoe.com

mgyoe.com


ငင်းတို့၏ အိမ်ရှေ့ဝင်းပြင်ဘက်တွင် အိမ်ဝိုင်းနှင့်ကပ်၍ သီးချိုပင် ရှိသည်။ ထိုသီးချိုပင်မှ သီးသီးများကို ထိုအိမ်၌ငှားနေသူ မိသားတစ်စုသည် ငင်းတို့သာ ယူလိုသည်။ အခြားသူတို့ကလည်း အရှင်မဲ့သီးပင်ဟု ယူဆ၍ ဆွတ်ခူးကာ ယူချင်သလို ယူကြသည်။ ထို့ကြောင့် အရပ်ထဲတွင် ထိုကိစ္စအတွက် အတော်ပင် စကားများနေ၍ ဆက်ဆံခြင်း မပြေမပြစ်နှင့် ဖြစ်နေလေသည်။

ထိုအခါ အရပ်တွင် ဩဇာရှိသော လူကြီးတစ်ယောက်က ဤသို့ ကြားဝင်ရတော့ပြီ။

ဤ သီးပင်သည် တစ်စုံတစ်ယောက်သောသူက စိုက်ထားခဲ့ခြင်းဖြစ်စေကာမူ မြူနီစီပယ် လမ်းမြေပေါ်မှာ ကျနေပေသည်။ ထိုသီးပင်သည် မိမိ၏အိမ်ရှေ့မှာဖြစ်၍ မိမိပိုင်ဟု မဆိုသာချေ။ မြူနီစီပယ်လမ်းပေါ်မှာ ရောက်နေ၍ မြူနီစီပယ်ပိုင် ဖြစ်နေပေသည်။

မင်းတို့ အသုံးမကျလောက်သော သီးပင်တစ်ပင်အတွက် စကားများနေကြလျှင် မြူနီစီပယ်အား ထိုသီးပင်ကို ခုတ်လှဲပစ်ရန် အကြောင်းကြားလိုက်မည်။

သီးပင်ကို မင်းတို့ လူငယ်များကလည်း တုတ်၊ ခဲ စသည်တို့နှင့် မပစ်ခတ်ကြနှင့်။ အနီးအပါးက အိမ်များကို မှန်လျှင်၊ ထိလျှင် စကားများမည်။ သီးပင်ပေါ်သို့ တက်၍လည်း မဆွတ်မခူးကြနှင့်။ ဘာကြောင့်လဲဆိုရင် ဤသီးပင်သည် ဘုံဆိုင်ဖြစ်နေ၍ တစ်ယောက်က တက်ခူးလျှင် တစ်ယောက်က တက်ခူးလိမ့်မည်။ ထိုအခါ စကားများလာမည်။ ဘုံပစ္စည်းဆိုခြင်းကို သဘာဝက ဝေငှပေးခြင်းနှင့် တင်းတိမ်ရမည်။ မတင်းတိမ်သော် ဆူညံသောင်းကျန်းလာမည်။ ဆူညံသောင်းကျန်းလာသော် အရပ်ကို ထိမည်။

ထို့ကြောင့် သီးပင်က သီးသီးကြွေကျသည်ကို ရသူက ယူငင်။ သို့သော် သူတစ်ပါး၏ အိမ်ဝိုင်းအတွင်းသို့ ကြွေကျခြင်းကို ဝင်ရောက်ကာ မကောက်ယူကြနှင့်။

ထိုသို့ အရပ်တွင် ဩဇာရှိသော လူကြီးက ပြောဆိုသဖြင့် ထို

mgyoe.com

mgyoe.com


သီးပင်အတွက် ချုပ်ချယ်ခြင်း ကင်းရှင်းသွားလေရကား၊ သီးသီးသည် မက်မက်စက်စက် စားသောက်ဖွယ်ရာ အသီးမဟုတ်သဖြင့် ထိုသီးပင် အတွက် အေးငြိမ်းသွားလေသည်။

လောက၌ အဖိုးမတန်သောပစ္စည်း ဖြစ်စေကာမူ ချုပ်ချယ်ထား လျှင် လူများသည် ချုပ်ချယ်ခြင်းကို မနှစ်သက်၍ ထိုပစ္စည်းအတွက် ဆူညံလှုပ်ရှားရမည်မှာ သဘာဝဖြစ်ချေသည်။

သတိပြု။

အဆင်မတတ်သော် ဆန်းလျက်နှင့် မလှ။

အငင်မတတ်သော် ပန်းလျက်နှင့် မရ။

သဘာဝကို ပကာသနသည် ဖုံးသော်လည်း မရ။

သဘာဝက လက်မခံလျှင် အကောင်းပြုသော်လည်း မကောင်း။

ကိုယ် ပြောစကားကို ကြားသူက ပြုံးလျှင် အလဟဿ ကြွားဝါ ရာသာ ရောက်မည်။

ခေတ်အလျောက် ဆိုချင်သော်ဆို။ အထက်ဂိုဏ်းတော်ကြီးက ရသေ့ယောဂီပေါင်း ရှစ်သောင်း ရှိအောင် စုရမတဲ့။ ထိုအခါ မအို၊ မနာ၊ မသေ ပြာကို စားရ၍ မလုပ်မကိုင်ဘဲနှင့် အေးအေးနှင့် အသက် ရှည်မတဲ့။ (ဗုဒ္ဓဘာသာကကား သာသနာတော်တွင်းမှာ ရသေ့များ ထွန်းကားပေါ်ပေါက်လာလျှင် သာသနာဖျက်ဟု ပညာရှိများက အစဉ် စကား ပြောထားကြ၏)

ထိုဂိုဏ်းဆရာ၊ ရသေ့လိုလို ယောဂီလိုလို ဆရာများက အဘယ် မှာ ဓာတ်စာကျသည်ဟု တအုန်းအုန်း တရုန်းရုန်းနှင့် ဘုရားပွဲ ပြုလုပ်၊ မော်တော်ကားချင်းကို ရှုပ်ထွေးနေကြသည့်ပြင် အမျိုးမျိုး စားဖွယ် သောက်ရာများနှင့် စားသောက်ကြသည်မှာ အံ့မခန်းလိလိပင် ဖြစ်နေ ကြပေတော့သည်။ သင်းတို့မှာ အဘယ်ကြောင့် ဤမျှလောက် ပေါများ ကြွယ်ဝကြပါဘိ။ စင်စစ် ၎င်းတို့သည် တိုင်းပြည်သွေးကို အမျိုးမျိုး စုပ်နေကြသူတို့ ဖြစ်နေသလား။

အဘယ်မှာ ဘုရားတည်ဖို့ရန်၊ ဘုရားပြင်ဖို့ရန်၊ ဘုရားထီးတင်

mgyoe.com

mgyoe.com


ဖို့ရန် ဓာတ်စာကျသည်ဟု တအုန်းအုန်း တရုန်းရုန်း ပြုကာ အပျော် နှင့် ပကာသနကို မူတည်ကာ ပြုသည်မှာ ပြုပါတော့။ အကြီးအကျယ် သွေးစုပ်ရာ ရောက်၊ မရောက်ကို သတိပြု။

ကျွန်ုပ် ဟိုတုန်းက အထက်ချင်းတွင်းမှာ အလုပ်လုပ်နေစဉ် မောက်ကတော် ရွာကလေးမှာ တွေ့ရသည်။ ဘုန်းတော်ကြီးလည်း မတတ်နိုင်တော့ဘဲ ဒကာကြီးရယ် သာသနာတော့ ပျက်ပေါ့ဟု ညည်း ညူနေရတော့ပြီ။

ဂိုဏ်းအုပ်ဆရာကြီးတဲ့၊ ဆီစိုစိုသျှောင်နှင့် (ယောင်နှင့်) ပိတ်ဖြူ ဝတ်၊ ပုတီးကုံး အလုံးကြီးကြီး ရှည်လျားများကြီးကို ကိုင်ကာရှိ၏။ ယောကျ်ားများ သူတို့၏ဂိုဏ်းသို့ ဝင်သော် အလုပ်မလုပ်ကြရ၊ ပိတ် ဖြူဝတ်၊ ပုတီးစိပ်၊ ပုတီးကို လည်တွင်စွပ်၊ ဂိုဏ်းကြီး၏ ဝါဒလမ်းစဉ် ကို ပွားများအောင် လှည့်လည်ကာ ဆွဲနေကြပြီးလျှင် ထိုဂိုဏ်းဝင် မိန်းမ များက အလုပ်လုပ်ကာ ကျွေးရလေသည်။ မတ်ပေ့။

ညဥ့်အချိန်ကျသော် ဂိုဏ်းဝင်ယောကျ်ား မိန်းမတို့သည် တော ထဲသို့ဝင်၍ သဘောရှိ ပျော်ပျော်ပါးပါးနှင့် နေနိုင်ကြလေသည်။ ထို ပျော်ပျော်ပါးပါးနေမှု၌ မနာလို ဝန်တို ငြူစူခြင်းကို တစ်ဦးနှင့်တစ်ဦး မပြုရဟု ဂိုဏ်းအုပ်ဆရာကြီးက ဆုံးမထားလေသည်။

ထိုသို့ ညကျသော် ဂိုဏ်းအုပ်ဆရာကြီးက ရွှေပုံငွေပုံ၊ ကျောက်သံ ပတ္တမြားပုံများကို ပြသည်။ ၎င်းတို့ကို ယခု မယူကြနှင့်ဦး၊ အချိန်ကျ သော် ရမည်။ ဤသည်တို့သည် မင်းတို့ဖို့ပဲဟု ပြောပြ၍ ဂိုဏ်းဝင်တို့ လည်း မက်ကြီးတစ်ခွဲနှင့် အချိန်ကို အသည်းစွဲ မျှော်လင့်နေကြလေ သည်။

ဂိုဏ်းဆရာကြီးက 'အချိန်တန်သော် နွားပိန်ကန်မည်' ဟု သိုက် စကားရှိသည်ဆိုကာ လှည့်ဖြားထားလေတော့ပြီ။

ထိုသို့သော ဖြစ်ပျက်မှုသဘောကို ဘယ်လို ဆေးကြောရမည် ဟု မတတ်နိုင်ဘဲ ဟိုတုန်းက ရှိခဲ့ရလေသည်။

ယခုခေတ်သစ်ကြီး၌လည်း ဖြစ်ချင်သလို ဖြစ်နေကြတော့၍

mgyoe.com

'မျက်စိကို မှိတ်၊ နားကို ပိတ်၊ ပါးစပ်ကို တိတ်' ဟု တဟီးဟီးနှင့်သာ တစ်ယောက်တည်း ဟီးရတော့မလို ဖြစ်နေရတော့ပြီ။ အနောက်ရပ် လူတတ်မဝင်သာ ပါစင်မင်္ဂလာ အဖမ်းခံရမည်လျှင်တည်း။ မပြုံးနှင့်၊ တအုန်းအုန်း တရုန်းရုန်း ကျွက်စီကျွက်စီနှင့်ပင် နေကြပေလေတော့။ လူ့ဘုံသဘာဝပေပဲကိုး။ မိမိ အပြစ်ကိုသာ မိမိ ဖော်ကြပေတော့။

❖

mgyoe.com

mgyoe.com

# (၃)
# ပေါင်းသင်းဆက်ဆံရေးနှင့် ပုံဝါဒ

ပေါင်းခြင်းသင်းခြင်း၊ ပေါင်းသင်းခြင်း၊ ဆက်ခြင်းဆံခြင်း၊ ဆက်ဆံခြင်း၊ ရွှေဖော်စွာ ပေါင်းသင်းခြင်း၊ နီးရင်းစွာ ဆက်ဆံခြင်း၊ ဖော်ရွေစွာ နီးနီး ရင်းရင်း ပေါင်းသင်းဆက်ဆံခြင်းဟူ၍ ရှိရာတွင် မြန်မာလူမျိုး (ဝါ) မြန်မာတိုင်းရင်းသားတို့၌သာ ကောင်းစွာ အထမြောက်လေသည်။

ယဉ်ကျေးသည်ဆိုသော အချို့လူမျိုးတို့၌ ဒဆဲအမျိုး၊ ဘိုးဆဲ့ အမျိုး စသည်ဖြင့်လည်းကောင်း၊ မူတူးအမျိုး၊ ဆာမိအမျိုး စသည်ဖြင့်လည်း ကောင်း၊ ဘဟာဒူးရ်အမျိုး၊ ပေါလ်အမျိုး စသည်ဖြင့်လည်းကောင်း။ ကနေဒီအမျိုး၊ ဂျော့အမျိုး၊ ဝါရှင်တန်အမျိုး၊ ပေါ်တာအမျိုး၊ ပင်တိုအမျိုး စသည်ဖြင့်လည်းကောင်း၊ လီမျိုး၊ စက်မျိုး၊ ချိုမျိုး၊ ချင်းမျိုး စသည်ဖြင့် လည်းကောင်း အမျိုးကိုစွဲ၍ အစဉ်အဆက် ဖြစ်နေပေသည်။

ထိုသို့သော သဘောသည် အစစ်အားဖြင့် အမျိုးတူ လူတစ်ဆက် နှင့် တစ်ဆက်ကို ခွဲခြားထားသကဲ့သို့ ဖြစ်နေ၍ ၎င်းတို့ လူမျိုးချင်းပင် ၎င်းတို့ ဖော်ရွေစွာ ရင်းရင်းနီးနီး ပေါင်းသင်းဆက်ဆံသတတ်ဟု တွေးဆ ရန် ခဲယဉ်းပေသည်။

mgyoe.com

mgyoe.com


ကျွန်ုပ်တို့နှင့် နီးကပ်စွာ နေကြသော လူမျိုးများကိုပင် သာဓက တင်ရပေတော့မည်။

အိန္ဒိယတိုင်းသားအချို့၌ မူတူးမျိုး၊ ဆာမိမျိုး ရှိသော် အစဉ်အဆက် မူတူး၊ ဆာမိ ဟူ၍လည်းကောင်း၊ ဒဆ်၊ ဂိုဆ် ရှိသော် အစဉ်အဆက်ဒဆ်၊ ဂိုဆ် ဟူ၍လည်းကောင်း၊ ဂန္ဒီ ဟူ၍ ရှိခဲ့သော် အစဉ်အဆက် ဂန္ဒီ ဟူ၍လည်းကောင်း ရှိဘိသကဲ့သို့ ဥရောပနွယ်များ၌လည်း ဂျော့မျိုး၊ ပေါ်တာမျိုး၊ ကနေဒီမျိုး၊ ပင်တိုမျိုး ဟူ၍လည်းကောင်း၊ အာရှတိုက်သား အချို့လူမျိုးများ၌လည်း လီမျိုး၊ စက်မျိုး၊ စောမျိုး၊ လောမျိုး ထိုသို့ဖြစ်နေ၍ ထိုလူမျိုးတို့မှာ အစဉ်အဆက် သဘောမှာ အမျိုးမတူသော သူများတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းဖို့ရန်ပင် ခဲယဉ်းသကဲ့သို့ ဖြစ်သွားလေသည်။

ထိုသဘောကို ရှေးက ဇာတိမာန်ဟု ခေါ်သည်။

ထိုဇာတိမာန်သဘောကြောင့် ထိုလူမျိုးတို့သည် ရင်းနှီးစွာ ဆက်ဆံရန်မှာ အံကျသတတ်လောဟု စဉ်းစားရန် များစွာ ရှိနေပေသည်။

ထိုသို့ရှိရာတွင် ကမ္ဘာတွင် တိုင်းပြည်မရှိ၊ လူမျိုးမရှိ၊ ဝါဒသာ ရှိသည်ဟု တီထွင်သော်လည်း အလေ့အထချင်း မတူ၊ စကားချင်း မတူ၊ သဘာဝချင်း မတူသောကြောင့် ခေတ်သဘောအလျောက် အင်္ဂလိပ်လူမျိုး၊ ပြင်သစ်လူမျိုး၊ စပိန်လူမျိုး၊ ပေါ်တူဂီလူမျိုး၊ ရုရှားလူမျိုး၊ အမေရိကန်လူမျိုး၊ တရုတ်လူမျိုး၊ ဂျပန်လူမျိုး၊ အိန္ဒိယတိုင်းရင်းသားများ၊ ကပ္ပလီများ စသည်ဖြင့် လူမျိုးပေါင်း၊ တိုင်းပြည်ပေါင်း များစွာသည် ရှိလာပြန်လေရကား အလျား၊ အနံ ထုညီမျှသော ကုဗပုံခွက် တစ်ခုထဲတွင် အလျား၊ အနံ၊ ထုတို့ မညီမျှသည့် ကုဗတုံး ကလေးများကို ထည့်ပြီးလျှင် ချလိုက်ရာ ထောင့်မူးစေ့ တစ်သားတည်း မကျန်နိုင်သကဲ့သို့ ကမ္ဘာတွင် အမြဲလောက်ပင် ရှိနေရပေမည်။ ဤသည်ကို ရှေ့ကျူးခေါင်းဆောင် ပညာရှိ ဆိုသူတို့သည် စဉ်းစားတည်းဖြတ်ရန် သင့်ပေသည်။

mgyoe.com

mgyoe.com


ထိုသို့သော ကမ္ဘာ၌ မှတ်တမ်းပြုရာသော လူမျိုးနှင့် တိုင်းပြည်များတွင် မြန်မာပြည်၊ မြန်မာတိုင်းရင်းသားတို့ကား ကမ္ဘာ၌ အခြားယဉ်ကျေးသည်ဆိုသည့် လူမျိုးများကဲ့သို့ အမျိုးကို စွဲလမ်းနေသည့် ဇာတိမာန်မထားသော လူမျိုးဖြစ်ချေသည်။

ထို့ကြောင့် ကမ္ဘာတွင် မြန်မာပြည်သည် မည်သည့်တိုင်းပြည် မည်သည့်လူမျိုးနှင့်မဆို ဇာတိမာန် မယစ်သကဲ့သို့ ဖြစ်သောကြောင့် အံဝင်ခွင်ကျ ဆက်ဆံ ပေါင်းသင်းနိုင်သည့်လူမျိုး ဖြစ်နေပေသည်။ ထို့ကြောင့် မြန်မာပြည်သည် ကမ္ဘာ့သာလာယံဇရပ်ကြီးကဲ့သို့ ဖြစ်ချေ၍ စီးပွားရေး နယ်ချဲ့လာသော လူမျိုးတို့သည် ခြေသိမ်းခေါင်းပိုက်အဖြစ်နှင့် အလွန်ပျော်မွေ့နေသော တိုင်းပြည် ဖြစ်နေပေသည်။ ထိုသို့သော သဘောကို မြန်မာတို့ကိုယ်တိုင် အကွက်ကျကျ သိရန်လိုပေသည်။

❖

mgyoe.com

mgyoe.com

# (၄)
# ပေါင်းခြင်း

မြန်မာတို့ကား အမျိုးသား တိုင်းရင်းသားချင်းသာလျှင် မဟုတ်။ အခြားလူမျိုးတို့နှင့်လည်း ဧည့်ခံကောင်းအဖြစ်နှင့် ပေါင်းနိုင်ပေသည်။ ထိုသို့ပေါင်းရာ၌ ဖော်ရွေစွာပင် ပေါင်းနိုင်ခြင်းသည် မြန်မာတို့၏ သဘာဝဖြစ်ချေသည်။ ထိုမြန်မာ့ဘာဝကို ကမ္ဘာတွင် အလွန်ကြွယ်ဝချမ်းသာကောင်းစားသော တိုင်းပြည်ကြီးက နမူနာယူ၍ ၎င်းတို့၏ တိုင်းပြည်ကို တည်ထောင်သဖြင့် ထိပ်တန်းသို့ ရောက်နေပေသည်။ ထိုသဘောကို ဤမျှသာ ပြမည်။

ပေါင်းခြင်း၊ ဖော်ရွေစွာ ပေါင်းခြင်းသည် မြန်မာတိုင်းရင်းသားတို့၌ အလေ့ကောင်းတစ်ခုဖြစ်၍ အရက်သမားများ၊ ဘိန်းစားများနှင့်လည်း အခြားသူတို့သည် ဖော်ရွေစွာ ပေါင်းသင်းနိုင်ကြလေသည်။

ပေါင်းခြင်းသည် စင်စစ်သော်ကား ရောနှောခြင်းဖြစ်သည်။ ထိုသို့ ရောနှောရာ၌ ဖော်ရွေစွာ ရောနှောခြင်းနှင့် စည်းကမ်းထားကာ ထိထိနေပြီးလျှင် ရောနှောခြင်း ဖြစ်ချေသည်။

mgyoe.com

mgyoe.com


ထိုမျှသာမက သူခိုးနှင့်လည်း ပေါင်း၍ ရောနှောသည်။ ဓားပြနှင့်လည်း ပေါင်း၍ ရောနှောသည်။ လူညစ်ပတ်များနှင့်လည်း ပေါင်း၍ ရောနှောသည်။ ရောနှောခြင်းသည် ရောနှောခြင်းမျှသာ ဖြစ်ချေသည်။ ထိုသို့ပေါင်း၍ ရောနှောခြင်းကြောင့် ပေါင်းသင်းခြင်း ဖြစ်လာလေတော့ပြီ။

ပေါင်းသင်းခြင်း။

ပေါင်းသင်းခြင်းကို စဉ်းစားရမည်။ လူအချင်းချင်းကို ပေါင်းသင်းရောနှောမိသဖြင့် စေတနာ့ဝန်ထမ်း အလုပ်တို့၌ ထမြောက်အောင်မြင်ခြင်းသည် များခြင်း၊ စုပေါင်းညီညီ လုပ်ကိုင်ရာ၌လည်း အောင်မြင်ခြင်းတို့ ဖြစ်တတ်ချေသည်။

ထိုမှတစ်ပါး ပေါင်းသင်းရောနှောခြင်းအားဖြင့် အချို့ အရက်သမား၊ ဘိန်းစားတို့သည် အရက်၊ ဘိန်း ပြတ်ကြ၏။ အချို့သူတို့လည်း အရက်သမား၊ ဘိန်းစား ဖြစ်သွားကြ၏။

မြန်မာတို့၌ ထိုသို့ ပေါင်းသင်းခြင်းမှ ကွင်းဆက်ပြု၍ ဆက်ဆံခြင်းသည်ရှိလာ၍ ပေါင်းသင်းဆက်ဆံခြင်း၊ ဖော်ဖော်ရွေရွေ ပေါင်းသင်းဆက်ဆံခြင်း၊ နီးနီးရင်းရင်း ဆက်ဆံခြင်းတို့သည် ဖြစ်လာတတ်ကြ၏။

ထိုသဘောတို့သည် စုရုံးညီညာ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဝိုင်းအုံကာ လုပ်ကိုင်ဆောင်ရွက်ခြင်း စသည်တို့ဖြင့် အကျိုးတရားကောင်းတို့သည် များစွာရှိကြလေ၏။

သဘာဝအားဖြင့် အကျိုးတရားကောင်း ရှိသလောက် မကောင်းသော အကျိုးသဘောတို့သည်လည်း ဖြစ်လာတတ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ကိလေသာ မကင်းသောသူတို့မှာ အလိုရမ္မက် တုန်လှုပ်မှု၊ ထောင်လွှားတက်ကြွမှုတို့ကို မချုပ်တည်း မသိမ်းဆည်းမှုတို့ကြောင့် လူညစ်ပတ်၊ သွေးစုပ်သူ၊ ခေါင်းပုံဖြတ်သူတို့သည် ရှိလာတတ်၏။ ထိုသဘောတို့သည်လည်း စည်းစိမ်သဘောတို့တွင် များစွာ အရသာရှိ၏ (ဝါ) လောက၏ တင့်တယ်မှုတို့တွင် အတော်ပင် အရသာရှိ၏။ ထို့ကြောင့် အတော်ပင် ကြိုက်သူများ၏။

mgyoe.com

mgyoe.com


ထိုသို့သော သဘောကြောင့် ကိုယ်ကျိုး ကိုယ့်စီးပွားကိုသာ လိုလားသောသူတို့သည် တစ်ဦးနှင့်တစ်ဦး ကွင်းဆက်ပြုကာ ဖော်ရွေကာ ပေါင်းသင်း၍ ရင်းရင်းနှီးနှီးဆက်ခြင်း သဘောတို့ဖြင့် လက်ပေးသတ်ခြင်းကို ပြုတတ်လေရကား ဆူညံလှုပ်ရှားခြင်းကို ဖြစ်စေပြီးလျှင် ညံ့သူ၊ အသူတို့မှာ တွေ့ရတတ်ချေသည်။

ထိုသို့လျှင် ရွှေဖော်စွာ ပေါင်းသင်း၍ ရင်းရင်းနှီးနှီး ဆက်ဆံမှုတို့ဖြင့် ငါစားသမား လူညစ်ပတ်တို့မှာ ခေတ်အားလျော်စွာ အခွင့်အရေးသာနေကြသောကြောင့် ထိုသူညစ်ပတ်တို့သည် အဝယ်ဒိုင်များနှင့် တောင်သူတို့၏ကြား၊ တစ်နည်းတုံ ကုန်ထုတ်လုပ်ငန်းသမားတို့၏ကြားတို့၌ ဝင်ရောက်ရောနှောပြီးသော် မသမာမှုများကို များစွာ အခွင့်သာနေတတ်ကြလေတော့သည်။

ထိုသို့သောသဘော၌ မြို့နှင့်ဝေးကွာသော တောလက်ကျေးရွာများမှာ မဆိုထားဘိ၊ မြို့များရှိ အလုပ်ရုံနားမှာပင် အဆင်မပြေမှုအမျိုးမျိုးသည် ဖြစ်ပေါ်လာ၍ ပျက်စီးရသော ကုန်စည်ပစ္စည်းတို့သည် များစွာ ဖြစ်နေလေတော့ပြီ။

ထို့ထက် ဗရုတ်ဖြစ်နေသည်ကား ရေဒီယိုနှင့် ဝေး၊ အစိုးရ၏ ကြေညာခြင်း၊ အစိုးရ၏ အမိန့်တို့ကို အတည်တကျ နားမလည်သော တောနေလူတစ်စုတို့မှာ ထိုလူညစ်ပတ်တို့၏ ကစားခြင်း၊ ကသိကအောက် ပြုလုပ်ခြင်းတို့ကို နားယောင်သဖြင့် သာ၍ မပြေပြစ်မှုများ ဖြစ်လာရချေသည်။

သာဓက အနည်းငယ်မှာ ထိုသို့ ဖြစ်ချေသည်။

ထန်းလျက်သည်မ နှစ်ယောက်သည် မိမိတို့ ထန်းလျက်ကို ဒိုင်သို့ သွားမပို့၊ သွားပို့လျှင်လည်း နေကုန်မည်။ ထိုသို့နှင့်ပင် ထိုထန်းလျက်သည်မ နှစ်ယောက်သည် မိမိတို့၏ ကုန်ကို မှောင်ခိုရောင်းရန် ကြံစည်နေလေသည်။

ထိုအခါ မိန်းမတစ်ယောက်သည် လာရောက်၍ ဈေးကိုဆစ်ရာ မတည့်ချေ၊ မတည့်သဖြင့် ပြန်သွားလေသည်။ ထိုသို့ ပြန်သွား၍

mgyoe.com

mgyoe.com


မကြာမီ ဖမ်းသူနှစ်ယောက်သည် ရောက်လာ၍ ဖမ်းရာ အဖမ်းခံရသူ နှစ်ယောက်မှာ ရဲဌာနသို့ မလိုက်လိုသဖြင့် ထန်းလျက်တောင်းကို ခေါင်းခုနှင့်တကွ ဖမ်းယူသွားလေသည်။ ထိုအဖမ်းခံ ထန်းလျက်နှစ်တောင်းသည် ကြားထဲတွင် ကွယ်ပျောက်သွားလေသည်။ ထိုသဘောအတိုင်း ဆီ၊ ကြက်သွန်တို့မှာလည်း ဖြစ်ချေသည်။

မီးရထား စသည်တို့၌လည်း ထိုကဲ့သို့ တရုန်းရုန်း တအုန်းအုန်းနှင့် ဖမ်းသူတို့သည် ဖမ်းကြလေသည်။

ဖမ်းသူတို့မှာလည်း အစိုးရ၏ စည်းစနစ်အတိုင်း ပုံစံစာရွက်နှင့် ဖမ်းခြင်းနည်း၍ အဖမ်းခံရသူ တောသူမကလေးများမှာ ပုံစံစာရွက်နှင့် ကျကျနန စည်းကမ်းနှင့်အညီ အဖမ်းခံရမည်ကို (ဝါ) အဖမ်းခံရခြင်းကို သဘောမပေါက်ကြချေ။ ထိုသဘောကြောင့် မိမိတို့တွင် ပါသော ကုန်ပစ္စည်းများကို အရှင်မဲ့ပစ္စည်း လုပ်လိုက်ကြလေသည်။

အဖမ်းခံပစ္စည်းတို့ကား မည်ကဲ့သို့ ဖြစ်ပျက်ရမည်ကိုသာ စဉ်းစားပေတော့။ ထိုကြောင့် ဤခေတ်ကြီးကိုမှီ၍ စီးပွားရေးလမ်းဖြောင့်နေသောသူတို့ ကောင်းစားကာ ရှိကြလေသည်။

ထိုသို့ နားကြားမကောင်းအောင်၊ အမြင်မကောင်းအောင် ဖြစ်နေမှုကို နိုင်ငံရေးသမားအချို့က စီးပွားရေးတိုက်ပွဲ ဖြစ်နေသည်ဟု ယူဆကြပုံပေါ်လေသည်။ ဤကား စီးပွားရေးတိုက်ပွဲ မဟုတ်ချေ။ မိုးကျလာသောအခါ မြက်ပေါင်းပင်တို့သည် သူ့ထက်ငါ ပေါက်လာဘိသကဲ့သို့ ခေတ်အလျောက် အခွင့်အခါနှင့်အညီ ခေါင်းပုံဖြတ်သမား၊ သွေးစုပ်ကောင်၊ လူညစ်ပတ်တို့၏ ပေါ်ပေါက်လာခြင်းမျှသာ ဖြစ်နေ၍ စားသုံးသူပေါင်းများစွာမှာ အထိအခိုက် ခံနေရပေသည်။ ညစ်ပတ်သူ အမျိုးမျိုးတို့ ကောင်းစားနေကြသည်။

ဤကား ရွှေဖော်စွာ ပေါင်းသင်း၍ ရင်းရင်းနှီးနှီး ဆက်ဆံသော သဘာဝ၏ သဘောမျှသာ ဖြစ်၏။

ဤသို့ဖြစ်သော် ရွှေဖော်စွာ ပေါင်းသင်း၍ ရင်းရင်းနှီးနှီး ဆက်ဆံမှုသည် မကောင်းသလော၊ မကောင်းမဟုတ်ချေ။ ကောင်းချေသည်။

mgyoe.com

mgyoe.com


သို့သော် လူကိုလိုက်၍ နွားမှာ ကျားကိုက်ခံရသည်။

လောကလူ့ဘုံ၌ မြန်မာတို့၏ ရွှေဖော်စွာ ပေါင်းသင်း၍ ရင်းရင်းနှီးနှီး ဆက်ဆံမှုသည် ခေတ်ရှေ့သို့ ရောက်နေခြင်းကို သတိထားကာ လမ်းမမှားအောင်သွားရန် လို၊ မလိုကို စဉ်းစားရာသည်။ ရှေ့ရောက်သူက နောက်ကျသူကို ပြန်ကြည့်နေလျှင် ချောက်ကျမည်။

ထိုသို့ ရွှေဖော်စွာ ပေါင်းသင်း၍ ရင်းရင်းနှီးနှီး ဆက်ဆံမှုသည်ကား တိုင်းပြည်တစ်ခု အတွင်း၌သာလျှင် ဖြစ်ပေါ်နေသည်မဟုတ်။ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် ဆက်ဆံရေးတွင်လည်း ထိုသဘောသည် အဓိက ပါဝင်နေလေသည်။

တိုင်းပြည်တစ်ပြည်သည် အခြားတိုင်းပြည် တစ်ပြည်နှင့် ဖော်ဖော်ရွေရွေ ပေါင်းသင်းပြီးလျှင် နီးနီးရင်းရင်း ဆက်ဆံ၏။ ထိုအပြုအမူသည် ၎င်း၏ အကျိုးစီးပွားကို လို၍ လုပ်သလောဟု စဉ်းစားရာ၏။

ထိုမျှမကသေး တိုင်းပြည်တစ်ပြည်သည် အခြားတိုင်းပြည်တစ်ပြည်ကို ဖိတ်၍ ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခြင်းသဘောနှင့် ပြုစု၏။ ထိုသဘောကို အဘယ်ကြောင့် ပြုသနည်းဟု မသိချေသော် သူ၏အလိုးကိုခံရမည်ကား သေချာ၏။ ထိုသဘောအရ များစွာသော တိုင်းပြည်တို့သည် အခြားတိုင်းပြည်၏ အလိုးအဖြတ်ကို ခံနေရခြင်းကြောင့် ပြည်တွင်းမှာ မသာမယာ တွေ့ကြုံရတတ်ချေသည်။

တိုင်းပြည်တစ်ခု အတွင်းမှာပင် ပေါင်းသင်းဆက်ဆံရေးဟူသည် အလွန်နက်နဲသည်။ မြို့တစ်မြို့ အရပ်တစ်ရပ်၌ မြူနီစီပယ်လူကြီးရွေးကောက်ပွဲပြုရန် အကြောင်းရှိလာသောအခါ မြူနီစီပယ်လူကြီးလုပ်လိုသောသူတစ်ယောက်သည် အရပ်ရှိ ဩဇာကောင်းသောလူကြီးများ၊ ကစားသမားကြီးများ၊ သူခိုးများ၊ နာမည်ကြီး ဓားပြများ စသောလူတို့ကို ပေါင်းသင်းဆက်ဆံရေးသဘောနှင့် နီးနီးရင်းရင်းပြုကာ အထူးရွှေဖော်ပြီးလျှင် ပင့်ဖိတ်ကာ ထမင်းကျွေး၏။ ဘုရားကိုးဆူ ပူဇော်ကာ

mgyoe.com

mgyoe.com


ပင့်ဖိတ်၍ ကျွေး၏။ ထိုသို့ ပေါင်းသင်းဆက်ဆံခြင်းကား ကျွန်တော် မြူနီစီပယ်လူကြီး လုပ်ချင်ပါသည်ဟု ဖွင့်လှစ် မပြောမဆိုသော်လည်း သဘောကား ထိုသို့သောသဘော သက်ဝင်နေ၏။

ထိုသဘောအရ ရွှေဖော်စွာ ပေါင်းသင်းဆက်ဆံ၍ နှီးနှီးရင်းရင်း ပြုလုပ်မှုသည် လူညစ်ပတ်၊ လူစဉ်းလဲ၊ သွေးစုပ်သမားတို့၏ ထောင်ချောက်သဖွယ် ဖြစ်နေတတ်၏။

ထို့ကြောင့် ရွှေဖော်စွာ ပေါင်းသင်းခြင်း၊ နှီးရင်းစွာ ဆက်ဆံခြင်းတို့သည် အလွန်အဖိုးတန်သော ယဉ်ကျေးမှုကြီးတစ်ခု ဖြစ်နေစေကာမူ လူစဉ်းလဲတို့၏ ကျော့ကွင်းကြီးတစ်ခု ဖြစ်ရတတ်ခြင်းကိုလည်း သတိမထားမိချေသော် အလိုးအဖြတ် ခံရတတ်ချေသည်။

ကမ္ဘာ၌ တိုင်းပြည်တစ်ပြည်နှင့် တိုင်းပြည်တစ်ပြည် ပေါင်းသင်းဆက်ဆံရေးတွင်လည်း ၎င်းကို အထူး သတိထားသင့်ပေသည်။

တိုင်းပြည်တစ်ပြည်က တိုင်းပြည်တစ်ပြည်သို့ ကူးသည်၊ ခပ်သည်။ ခဏခဏ ရေထွက်မတတ် အမျိုးမျိုး လာရောက်ပေါင်းသင်းဆက်ဆံမှုတွင် မိမိတိုင်းပြည်က ထိုဆက်ဆံလာသော တိုင်းပြည်ထက် ဘာများသာသလဲ၊ ဘာကြောင့် ဆက်ဆံလာသလဲကို သတိထားရာသည်။ ဆက်ဆံလာသော တိုင်းပြည်က မည်သည်ကို အလိုရှိပါသည်ဟု ဖွင့်ဟ မပြောမဆိုစေကာမူ မျက်နှာတံစိုးပြုခြင်းကား ထင်ရှားပေသည်။

ထိုမျက်နှာတံစိုးကို လိုက်စားလျှင် မှောက်မှားရမည်။ လောက၌ မှောက်မှားခြင်းဟူသမျှတွင် မျက်နှာတံစိုးသည် ရှစ်ဆယ်ရာခိုင်နှုန်းခန့် ပါကောင်းပါပေလိမ့်မည်။

အခြားတိုင်းပြည်က ၎င်းတို့၏ပြည်သို့ ဖိတ်ခေါ်သောအခါမှာလည်း ဘာကြောင့် ခေါ်သည်ကို စဉ်းစားရမည်။ ဖိတ်ခေါ်ခြင်းကို ခံရသော တိုင်းပြည်သည် ဖိတ်ခေါ်သော တိုင်းပြည်ထက် မည်သည်များ မည်သို့သာပါသနည်း၊ ဖိတ်ခေါ်ခြင်းကို ခံရသောသူက ဖိတ်ခေါ်သောသူထက် မည်ကဲ့သို့ မည်သည်များကိုသာ၍ တပည့်ခံယူလိုသောကြောင့်

mgyoe.com

mgyoe.com


ဖိတ်ခေါ်သလား စဉ်းစားရမည်။ တစ်စုံတစ်ခုသော ဥပါယ်တံမျဉ် စဉ်းလဲကောက်ကျစ်ဉာဏ်နှင့် ဖိတ်ခေါ်၍ ဘောလုံးကိုကန်ကာ ကစား သကဲ့သို့ လူညစ်ပတ်တို့သည် ကစားတတ်ကြောင်းကို သတိထား ရာသည်။

မဟောသဓာဝတ္ထုတွင် စူဠနီဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ကေဝဋ္ဋ အမတ်နှင့် တရားသောမင်းတို့၏ အကြောင်းကို သတိပြုပါ။ ယခု ခေတ်မှာ ထိုထက် ဉာဏ်များနေပေသည်။

လောကလူ့ဘုံ၌ လူမည်သည် ကောင်းမြတ်သော အမှုကိုသာ ပြုသည်။ မှန်ကန်၍ လျော်သည်ကိုသာ ပြုသည်။ လောက၏ အေးချမ်း သာယာစည်ပင်ဝပြောမှုကိုသာ ပြုသည်။ တင့်တယ်ဖွယ်ရာ လောက၏ ချမ်းသာမှုကိုသာ ဆောင်ရွက်သည်။ သို့ရာတွင် လူတို့၌ မှောင်အတိ ကျ၍ (မောဟဖုံးလွှမ်းခြင်းဖြင့်) အလင်းရောင်ကို မရခြင်းကြောင့် အလို ရမွက်သည် ကိုယ်၏အကျိုးကိုသာ လိုလားဆောင်ရွက်သည်။ ထိုမှ တစ်ပါး ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၏ အကျိုးကိုသာ လိုလားဆောင် ရွက်သည်။ ဤသည်ကို နားလည်။

ထိုသို့ အလင်းရောင်ကို မရမှုကြောင့် တုန့်လှုပ်မှုဖြင့် တုန့်လှုပ်ခြင်း ဖြစ်ပြီးလျှင် သည်းခံမှု မရှိနိုင်တော့ပေ။ ထိုသို့ သည်းခံမှု မရှိနိုင်ခြင်း ကြောင့် ကိုယ့်ဖို့ ကိုယ်ရေးကိုယ်တာ စဉ်းလဲမှုဘက်သို့သာ ယိမ်းပါကာ တိမ်းလာလေတော့ပြီ။ ထိုမှတစ်ပါး မိမိ၏တိုင်းပြည် မိမိ၏လူမျိုး အတွက်ကိုသာ တိမ်းပါကာ ဆောင်ရွက်လေတော့သည်။

ထိုသို့ အလင်းရောင်ခြည်ကို မရနိုင်မှုကြောင့်ပင် ထောင်လွှား တက်ကြွမှုစိတ်သည် လွှန်ကဲလာပြီးလျှင် ကိုယ်၏ကောင်းစားခြင်း၊ ကြီးမြင့်ခြင်း၊ အစိုးတရ ဖြစ်နိုင်ခြင်းကို အလိုရှိလာသည်။ ထိုမှတစ်ပါး မိမိ၏တိုင်းပြည် မိမိ၏လူမျိုးကို ထိုသို့သော တန်ခိုးအရှိန်အစော်နှင့် ပြည့်စုံရန် လိုလာလေတော့ပြီ။

ထိုထိုသော သဘာဝသဘောကြောင့် လူများသည် ကောင်းမြတ် သော အမှုကိုသာ ပြုလိုခြင်း၊ မှန်ကန်၍ လျော်သည်ကိုသာ ပြုလိုခြင်း၊

mgyoe.com

mgyoe.com


လောက၏ အေးချမ်းသာယာစည်ပင်မှုကိုသာ ပြုလိုခြင်း၊ တင့်တယ်ဖွယ်ရာမှုကိုသာ ပြုလိုခြင်းတို့ ရှိသော်လည်း လူတို့၏ အလိုရမ္မက် (လောဘ)၊ လူတို့၏ တုန်လှုပ်မှု (ဒေါသ)၊ လူတို့၏ ထောင်လွှားတက်ကြွမှု (မာန) တို့ကား ကိုယ့်အတွက်၊ မိမိ၏တိုင်းပြည် မိမိ၏လူမျိုးအတွက် ဖောက်ပြန်နေခြင်းတို့ကြောင့် ဘုံဝါဒ (ဝါ) ဘုံသဘော (ခေတ်စကားအရ ဆိုရှယ်လစ်ဇင် ဆိုသောသဘော) သည် စပျစ်သီးကို မျှော်မှန်းနေသော မြေခွေးသည် စပျစ်သီးခိုင်ကို မရနိုင်သဖြင့် စပျစ်သီးကား အတွေးအခေါ်အားဖြင့် ချိုမည်ဖြစ်သော်လည်း အမှန်အစစ်သဘောကား ချဉ်မှာပါပဲ။ ဒါကြောင့် စပျစ်ရည်ကို အရက်ချက်ရခြင်းသာပဲဟု တွေးဆသကဲ့သို့ တွေးဆလာတတ်ကြလေသည်။

ဘုံဝါဒသဘော ငါတို့ မြန်မာတို့၏ သဘောထားကား ဘုံဝါဒသဘောထားမူရင်း ဖြစ်ချေသည်။ ထိုသဘောကို နောက်တွင် ရှင်းလင်းပြတ်သားလာမည်။ သဘောမကျသော် ပယ်ပေါ့။ လောကအကျိုးအတွက်သာ ရေးခဲ့သည်။

လူတစ်မျိုး၏ ဘုံဝါဒ။

လူတစ်မျိုးမှာ ဘုံဝါဒ ရှိသည်။ ထိုဘုံဝါဒ ရှိသည့်အတိုင်း သင့်လျော်ရာ လူမျိုးစုသည် ဘုံသဘောနှင့် လူကြီးများကို ရွေးချယ်တင်မြှောက်ထားသည်။

ထိုလူမျိုးစု၌ ချမ်းသာကြွယ်ဝကောင်းစားသော ငွေများကို ဘုံတိုက်၌ ဘုံသဘောဖြင့် အပ်ထားရခြင်းကြောင့် ဘုံတိုက်က စီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့်သာ ထိုလူမျိုးမှာ တင့်ပရချေသည်။

သဘောသွားသော် ကျန်ခဲ့သောပစ္စည်းတို့ကို (ဝါ) အမွေအနှစ်ကို မယားနှင့် သားသမီးများ သည်ကဲ့သို့ ဂုဏ်ထားနိုင်သည်မှတစ်ပါး မရနိုင်ကြပေ။ ဘုံတိုက်ကသိမ်း၍ ဘုံလူကြီးများ စီမံခွဲခန့် ဆောင်ရွက်သမျှတို့ကို ထိုသူ၏ မယားနှင့် သားသမီးတို့သည် လိုက်နာကြရလေသည်။ ဤနည်းဖြင့် ထိုတိုင်းပြည် ထိုလူမျိုးမှာ လူဦးရေ ထူထပ်ပေါ်များလာလေသည်။ တိုင်းပြည်ကား ချမ်းသာ၏။ လူမျိုးကား ဆင်းရဲလှပေသည်။

mgyoe.com

mgyoe.com


(ယခုခေတ်သစ်၌ ထိုဘုံသဘောသည် ခေါင်းပြောင်းသွားပုံရသည်)

လူတစ်မျိုးမှာလည်း မိန်းမများကို အလွန်နှိမ့်ချထားလေသည်။ လင်သေသွားသောအခါ ကျန်ခဲ့သော ပစ္စည်းပစ္စယ အမွေအနှစ်များကို မိန်းမက မခံစားရဘဲ လင့်ညီကသော်လည်းကောင်း၊ လင့်အစ်ကိုက သော်လည်းကောင်း ထိုအမွေအနှစ် ကောင်းစားသမျှကို သိမ်းဆည်း၍ ထိုသေသူ၏မယားမှာ သားများ လူလားမြောက်မှ ထိုအမွေအနှစ် ပစ္စည်းများကို သိမ်းထားသူများက သင့်သလို စီမံချီးမြှင့်လေသည်။

ဤနည်းဖြင့် ဆင်းရဲသူများသည် တိုးပွားကာလာပြီးသော် ဥစ္စာ ပစ္စည်းမည်သည် တစ်ဦးတည်းပိုင် သဘောပေါက်နေပေသည်။

လူတစ်မျိုး၏ ဝါဒ။

အလွန်ယဉ်ကျေးသည်ဆိုသော လူမျိုးများမှာလည်း မိမိ ချမ်းသာ ကြွယ်ဝသည်တို့ကို သေသွားသောအခါ ရသင့်ရထိုက်သော သားသမီး အမွေစားအမွေခံတို့ကို ဂရုမပြုသော သဘော၊ ဓမ္မသတ်လည်း ရှိဟန် မတူဘဲ၊ သေတမ်းစာရေး၍ ကျန်ပစ္စည်းများကို ထားခဲ့တတ်ကြ၏။ ထိုသဘောသည် အစစ်အားဖြင့် ဘုံဝါဒသဘောကို ဆန့်ကျင်ခြင်းဖြစ် ၏။

ထိုကဲ့သို့ လူမျိုးအသီးသီးတို့နှင့် ပတ်သက်သည်တို့ကို ပြဖို့ရန် များနေမည် ဖြစ်၏။ ထို့ကြောင့် ငါတို့ မြန်မာတို့၏ လမ်းစဉ်အရ သဘောကိုသာ အလေးထား၍ ဖော်ပြသွားမည် ဖြစ်၏။

ချမ်းသာသောသူတစ်ယောက် သေသွားသောအခါ ကျန်ခဲ့သော ပစ္စည်းများကို မည်ကဲ့သို့ အမွေခွဲဝေပေးထိုက်သည်ဟု ဓမ္မသတ်ပြု၍ သေချာစွာ ရေးသားထားပြီးလျှင် ဘုရင်နှင့် ဘုရင့်အစိုးရ အဆက်ဆက် သည် လိုက်နာရ၏။

ထိုသဘောကား ငွေရှင်တစ်ဦး၏ ရွှေငွေပစ္စည်း စသည်တို့မှာ လူတစ်ဦးတစ်ယောက်၏ လက်ထဲ၌သာ စုပုံမနေစေဘဲ အများ၏ လက် ထဲသို့ ပျံ့နှံ့သွားရန် သဘောဖြစ်၏။ ထိုအမွေစား အမွေခံတို့၏ လက် ထဲမှ ၎င်းတို့ အကျင့်သဘောနှင့်လျော်စွာ အခြားသူများ၏ လက်ထဲသို့

mgyoe.com

mgyoe.com


ပျံ့နှံ့သွားလေ၏။ ထိုသဘောမှာ ယဉ်ကျေးသော ဘုံဝါဒသဘော (ဝါ) ယခုခေတ်၌ ဆိုရှယ်လစ်ဇင်သဘော ဖြစ်နေတော့၏။

ထိုဓမ္မသတ်သည် မြန်မာလူမျိုးဟု ပေါ်လာကတည်းကပင် စတင်ဖြစ်တည်စွဲမြဲနေခြင်းသည် ထင်ရှားလေတော့၏။

အကယ်၍ သေဆုံးသွားသော ငွေရှင်တစ်ယောက်မှာ အမွေစားအမွေခံ မကျန်ခဲ့သော် ထိုပစ္စည်းများကို ဘုရင့်အစိုးရက သိမ်းယူ၍ ရွှေတိုက်စိုးက သိမ်းယူပြီးလျှင် ပြည်သူ့ဘဏ္ဍာအဖြစ်နှင့် ရွှေတိုက်ဝင်စာရင်းတင်ကာ ထားရလေသည်။ ထိုငွေ ရွှေပစ္စည်းတို့သည် ရှင်ဘုရင်နှင့် မဆိုင်ချေ။ တိုင်းပြည်အတွက် သက်သက်သုံးရန် အခွန်တော်ကဲ့သို့ ဘုံသက်သက် ပြည်သူ့ဘဏ္ဍာ ဖြစ်နေ၏။ ဤသည် ရာဇသတ် ဖြစ်၏။ (ဘိုးတော်ဘုရား လက်ထက်တော်၌ ဦးပေါ်ဦး သိန္နီသို့ အပို့ခံရကြောင်း မှတ်တမ်းတွင် အရိပ်အမြွက်ကို ကြည့်ပါလေ)

ထိုသို့သောသဘောကို သေချာစွာ ဖတ်ရှုစဉ်းစားပြီးလျှင် မြန်မာတို့ လူတန်းစားမရွေး ဖော်ရွေစွာ ပေါင်းသင်း၍ ရင်းနှီးစွာ ဆက်ဆံရေးတွင် လူတို့အား ထောက်ပံ့ခြင်း သဘောလေးရပ်တွင် အခြေခံ ပါဝင်နေသည်။ ပေးကမ်းစွန့်ကြဲခြင်း၊ ကောင်းသောအကျင့်ကို ကျင့်ခြင်းတို့သည် အဓိက ဖြစ်နေပေသည်။

ကောင်းသောအကျင့်ကို ကျင့်ခြင်းကား မိမိ၏ ကိုယ်ရေးကိုယ်တာ၊ ကိုယ်၏အကျိုးကို မငဲ့ကွက် ရှေးမရှုဘဲ သူတစ်ပါး၏ အကျိုးစီးပွားကိုသာ လိုလားဆောင်ရွက်ခြင်းနှင့်အညီ ကောင်းသောအကျင့်ရှိသည်ဟု အများက ယူဆကြလေသည်။ ထိုသဘောအတိုင်း လိုက်လျောသူတို့လည်း များကြလေသည်။

ပေးကမ်းစွန့်ကြဲမှုကိုကား ပစ္စည်းဥစ္စာရှိသူတိုင်း ခေတ်အလျောက်ပြုမူကျင့်ကြံရလေသည်။ ထိုသို့ မပြုမူသော ငွေရှင်ကြေးရှင်၊ ပစ္စည်းရှင်ကို ဘိုးသာစိုး ဟု လည်းကောင်း၊ လူ့ပြိတ္တာ ဟု လည်းကောင်း အများက စွပ်စွဲပုတ်ခတ်၍ လူ့လောကအပြင်သို့ ထိုသူသည် ရောက်မှန်းမသိရောက်သွားတတ်ကြရလေသည်။

mgyoe.com

mgyoe.com


(ဤသည် ဘုံဝါဒသဘောတစ်ရပ် ဖြစ်ချေသည်)

လူတို့အား ထောက်ပံ့ခြင်း သဘောလေးရပ်တွင် ပါဝင်သော မျှတခြင်းသဘော (သမာနတ္တတာ) သည်လည်း ဖော်ရွေစွာ ပေါင်းသင်း၍ ရင်းနှီးစွာ ဆက်ဆံခြင်းသဘောတွင် အဓိကအဖြစ်နှင့် ပါဝင်နေပေသည်။

ထိုမျှတခြင်း (သမာနတ္တတာ) ကား အတော်ပင် နက်လေသည်။ မျှတခြင်းသဘောနှင့် ပတ်သက်၍ အခြားစာအုပ်များ၊ ဝတ္ထုများတွင် ရေးသားခဲ့ပြီးဖြစ်သဖြင့် အသေးစိတ်ပြီးသော် မရေးသားလိုပေ။ အချုပ်သဘောနှင့် အနည်းငယ် ပြပေအံ့။

အလုပ်ရုံပိုင်ရှင်တစ်ဦးသည် မိမိ၏အလုပ်ရုံ၌ ငွေရင်းကို စိုက်ထုတ်၍ တည်ထောင်သော်လည်း လုပ်ခကို အလုပ်သမားတို့သဘောအတိုင်း ယူပြီးလျှင် အလုပ်ချိန်ကို အလုပ်သမားတို့သဘောအတိုင်း လုပ်ကြသည်။

ထိုအလုပ်ရုံထွက် ပစ္စည်းများကို လက်လီမရောင်း။ ကုန်သည်နှင့် ဆိုင်ရှင်အားသာ ရောင်းလေသည်။ ဤသည် မျှစားခြင်းသဘောဟု ယူဆသည်။ ကုန်သည်သည် အလုပ်မှ ဝယ်ယူသောပစ္စည်းကို အလုပ်ရုံရှိသော မြို့တွင် မရောင်း၊ အခြားတစ်နယ်မှာ သွား၍ ရောင်းသည်။ ဤသည် ဆိုင်ရှင်နှင့် မျှစားခြင်း ယူဆသည်။

တောင်သူများမှာ သာ၍ လေးနက်သည်။ တောင်သူများမှ ထွက်သော အသီးအနှံတို့ကို ကုန်သည်များအား၊ ဈေးသည်နှင့် ဆိုင်ရှင်များတို့အား တောင်သူသည် ရောင်းချလေသည်။ တောင်သူသည် ကုန်သည်လုပ်ငန်း၊ ဆိုင်ရှင်လုပ်ငန်း၊ ဈေးသည်လုပ်ငန်းကို မလုပ်ချေ။ ဤသည် မျှတခြင်းသဘော ဟု ယူဆလေသည်။

ထိုသဘောသည် ပုဂံခေတ် လွန်လာပြီးနောက် မုဆိုးဆက်တိုင် တည်နေ၍ မြန်မာတို့၏ မြို့ကြီးများ၌ သပိတ်တန်း၊ ယပ်တန်း၊ စာတိုက်တန်း၊ ပိန်းတန်း၊ ဆီတန်း၊ ဆေးတန်း၊ ဆန်တန်း၊ ကုန်ခြောက်တန်း၊ ငါးတန်း၊ ဝက်သားတန်း၊ ကြက်သားတန်းဟု ဈေးတန်းမှာ

mgyoe.com

mgyoe.com


သူ့အတန်းနှင့်အတန်း၊ သူ့နေရာနှင့်နေရာ ရှိလေသည်။ ဤသည် မှူတခြင်းသဘောတစ်မျိုး ဖြစ်ချေသည်။

ထိုသို့သော သဘောတို့ကို ကျွန်ုပ် ကောင်းမကောင်း သင့်မသင့် မည်သို့မျှ မပြောမဆိုလို။ ရှေးနည်းထုံးကို သိသမျှ ရေးပါဟု လူ့လောက မြန်မာ့အကြောင်းနှင့် ပတ်သက်၍ ပြောကြသောကြောင့် ရေးခြင်းမျှသာ ဖြစ်သည်။ စိတ်မပါလှပေ။

လိမ္မာသောသူတို့သည် ကြေးငွေများကို ရနိုင်သလောက် စုဆောင်းသည်။ ငွေရှင် (ဝါ) အသပြာရှင် ဖြစ်လာသောအခါ၊ ငွေလိုသော တောင်သူများက လာရောက်ဖလှယ်ကြသည်။ ငွေရှင်က မှူတသော သဘောနှင့် အတိုးမယူဘဲ ဖလှယ်ကြလေသည်။ ဤသည် ပုဂံပြည် ညောင်ဦး စောရဟန်းမင်း လက်ထက်တိုင် တည်မြဲသောစနစ် ဖြစ်သည်။ ထိုစနစ်ကို မုဆိုးဆက်တိုင် သုနာပရန္တတိုင်းဟောင်း တောင်စဉ်ခုနစ်ခရိုင် များစွာသောနယ်များမှာ သုံးသေးသည်။

ထိုသို့ ဖလှယ်သောငွေကို တောင်သူများက မြေထွက်အသီးအနှံနှင့် ချေဆပ်ကြသည်။ ထိုချေဆပ်သောငွေကို မြေအလုပ်သမားက ၎င်း၏ အသီးအနှံအတွက် ၎င်းက တန်ဖိုးပြု၍ ချေဆပ်သွားသည်။

၎င်းကို ငွေရှင်က လက်ခံရသည်။ ထိုငွေရှင်ကို သူကရဝယ်၊ သူကြွယ်ဟု တမ္ပဒီပတိုင်းက ခေါ်၍ တောင်စဉ်က သူကောင်းဟု ခေါ်သည်။

အချို့တောင်သူများမှာ သို့လင့်ကစား မိမိတို့ ဖလှယ်သောငွေမှာ မကြေဘဲ ထပ်၍ ယူကြရခြင်းဖြင့် မြေများကို သူကြွယ်ထံနှင့် သူကောင်းများထံ အပ်ကြလေသည်။ ထိုသို့ အပ်ခြင်းကို တောင်သူများက အပ်လို၍ သူကြွယ်နှင့် သူကောင်းများက လက်မခံလိုသော်လည်း လက်ခံကြရလေသည်။

ထိုသို့အပ်ခြင်းဖြင့် ကောက်ပဲသီးနှံခွန်ကို ဘုရင့်အစိုးရထံ မြေလက်ရှိ နာမည်ပေါက်သူက ပေးရသည်။ ၎င်းကို ကောက်ခွန်ဟု ခေါ်သည်။ ထိုကောက်ခွန်သည် ပြည်သူ့ဘဏ္ဍာ ဖြစ်သည်။

mgyoe.com

mgyoe.com


ယင်းကဲ့သို့ သူကြွယ်များထံနှင့် သူကောင်းများထံက ကုန်သည်များနှင့် ဆိုင်ရှင်များက ကောက်ပဲသီးနှံများကို လာရောက်ဝယ်ယူသောအခါ ဝယ်ယူသောသူများက သူတို့ ဝယ်လိုသော ဈေးနှုန်းနှင့်သာ ဝယ်ယူကြရလေသည်။ သူကြွယ်နှင့် သူကောင်းများက ရောင်းလိုသောဈေးနှင့် မရောင်းကြချေ။

ထိုသို့ ရောင်းဝယ်ကြရာ၌လည်း ငွေရှင်ဆိုသော သူကြွယ်၊ သူကောင်းများသည် မည်သို့မျှ မသိကြဘဲ ၎င်းတို့၏ အလုပ်သမားဖြစ်သော အိမ်စိုးများ၊ သူရင်းတိုင်၊ အလုပ်သမားခေါင်းများက ပြုလုပ်သွားကြလေသည်။

ထိုသို့ ငွေကိုကစားခြင်း၌ ၎င်းတို့၏ တွက်ကိန်းမှာ အလွန်ဆန်းကြယ်ပေသည်။ အသပြာကြေးငွေများသည် လူတစ်ဦးတစ်ယောက်၏လက်၌ စုပုံကာနေခြင်းဖြင့် တိုင်းပြည်မှာ ငွေမရှိခြင်းနှင့်အတူတူပင် ဖြစ်နေပေသည်။ ထို့ကြောင့် ထိုသို့ စုပုံရခြင်းသည် တိုင်းသူပြည်သားတို့ ဆင်းရဲခြင်းမျှသာ အကြောင်းရင်း ဖြစ်ချေသည်။ ထိုအယူဝါဒ တွက်ကိန်းကို တမ္ပဝတီတိုင်း အရည်းများနှင့် အရည်းဂိုဏ်းသားတို့က သဘောမတူကြချေ။ ထိုသို့ သဘောမတူသော်လည်း ဘုရင်အဆက်ဆက်တို့သည် တိုင်းပြည် အေးချမ်းသာယာမှုကိုရှု၍ ပုဂံပြည် စလေမင်းခွေး လက်ထက်တိုင် မနှိမ်နင်းခဲ့ပေ။

မြန်မာတို့၏ တွက်ကိန်းသဘောမှာ ငွေရှင်သည် ငွေကို အလုပ်သမားတို့အား မလှူယ်ခဲ့သော် ငွေမရှိခြင်းပင် ဖြစ်သည်။ အလုပ်သမားတို့အား ငွေလှူယ်၍ အလုပ်သမားတို့က ငွေပြန်ဆပ်ခြင်းသည် ထိုဆပ်သမျှလောက် ရှိခြင်းဖြစ်သည်။ တစ်ဖန် သူကြွယ်နှင့် သူကောင်းများက ရောင်းလိုက်ခြင်းသည် ရောင်းရသမျှ ငွေရှိခြင်း ဖြစ်သည်ဟု ယူဆခြင်း ဖြစ်သည်။ ဖလှယ်ခြင်းမပြုဘဲ စုပုံနေသောငွေသည် မရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ထိုသဘောသည် အလွန်နက်သည်။ ထိုသဘောသည်သာလျှင် မျှတခြင်း ဖြစ်စေ၍ တိုင်းပြည်တွင် ပြေပြစ်ပြီးသော် သာယာဝပြောသည်ဟု ယူဆကြလေသည်။

mgyoe.com

mgyoe.com


ကုန်သည်နှင့် ဆိုင်ရှင်တို့သည်လည်း မြေအလုပ်သမားများတို့၏ ကစားသော ငွေဈေးနှုန်းကို အကြောင်းရင်းထား၍ သူကြွယ်နှင့် သူကောင်းများထံတို့က ဈေးနှုန်းထားပြီးသော် ဝယ်ယူကြလေသည်။ ထို့ကြောင့် ထိုခေတ်သည် ကမ္ဘာ၌ မည်ကဲ့သို့ လှုပ်ရှားနေစေကာမူ မြန်မာတို့၏ လောက၌ကား အေးချမ်းသာယာ စည်ပင်ဝပြော၍ အာရှတိုက် တောင်ပိုင်းတစ်ခွင်သည် အလွန်ပင် စည်ပင်သာယာ အေးချမ်းသော ကမ္ဘာ့တစ်စိတ်တစ်ပိုင်း ရပ်ကွက်ကြီး ဖြစ်တည်နေခဲ့ပေသည်။ (ထိုရပ်ကွက်သို့ အနောက်တိုင်းသားတို့သည် ဝင်ရောက်လာကြသည်)

သူဌေး၊ သထေး များတို့မှာလည်း ၎င်း၏ အလုပ်အကိုင် အသိုက်အဝန်းတို့ဖြစ်သော အလုပ်သမား အမျိုးမျိုးတို့ကလည်း တို့သူဌေးပေါ်များမှ တို့တင့်၍ ကောင်းစားမည်ဟု ညီညီညွတ်ညွတ် အလုပ်လုပ်ကြသဖြင့် ဆင်းရဲသူ မရှိ၊ စားဝတ်နေထိုင် လုပ်ကိုင်ရေး၌ ကြောင့်ကြစိုးရိမ်ရခြင်း မရှိ၊ ငွေအတွက် တစိုးတစိမျှ ပူပင်ရခြင်းမရှိဘဲ ပုဂံပြည်၌ ရွှေမိုးငွေမိုး ရွာသည်ဟူသော စကားသည် ထိုသဘောကို တင်စား၍ ပေါ်လာခဲ့သောစကား ဖြစ်ခဲ့ဟန်တူပေသည်။ (အကျဉ်း။)

ထိုသို့လျှင် သူကြွယ်များ၊ သူကောင်းများတို့၏ အလုပ်သမားများတို့မှာလည်း ဖြစ်နေပေသည်။

သို့လင့်ကစား အရည်းဆရာများနှင့် အရည်းဂိုဏ်းသား တစ်စုမှာကား ထိုစနစ်ကို သဘောမကျ၍ ၎င်းတို့တွင် ကျေးကျွန်စနစ်၊ ကျွန်ရောင်းကျွန်ဝယ်စနစ်၊ အတိုးစားခြင်း၊ အမြတ်ထုတ်ခြင်း စသည်တို့ရှိပြီးလျှင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း နေပြည်တော်နှင့် နေပြည်တော် အနီးတစ်ဝိုက်တွင် တည်နေလေသည်။

ထိုအရည်းတို့၏ ကျေးကျွန်စနစ်ကို စလေငခွေးမင်းသည် ရှေးမင်းများကဲ့သို့ သဘောတရားနှင့် မဟုတ်ဘဲ နိုင်ထက်စီးနင်း နှိမ်နင်းသဖြင့် ရာဇဝင်တွင် အမည်းကွက် ထင်ခဲ့လေသည်။ ထိုသို့ အမည်းကွက်ထင်အောင် အရည်းတို့ကပင် ရာဇဝင်ကို ပြုပြင်ခဲ့လေသည်။

ပုဂံပြည် ညောင်ဦး စောရဟန်းမင်းသည် အတတ်ပညာရှိ

mgyoe.com

mgyoe.com

အရည်း ယောရှော (အရည်းလူထွက်) ရှင်ဘုရင် ဖြစ်သည်နှင့်အညီ ၎င်း၏လက်ထက်တွင် မြန်မာတို့၏ ဖော်ရွေစွာ ပေါင်းသင်းပြီးလျှင် နှီးရင်းစွာ ဆက်ဆံခြင်း စနစ်ဖြင့် ပေါ်ထွက်လာသော ဘုံဝါဒ၊ မျှတခြင်း စနစ်ကို ပျက်လုမတတ်ဖြစ်အောင် ဖျက်လေသည်။ ထို့ကြောင့် ထိုဘုရင်ကို ကွမ်းဆော်ကျောင်းဖြူမင်းသည် နန်းချ၍ မြန်မာနိုင်ငံတော်ကို တစ်ဖန် တည်ထောင်ပြန်လေသည်။

ဤသဘောတို့ကို ကျွန်ုပ် လောကလူ့ဘုံတွင် ဖော်ပြသည်ကား လာလတ္တံ့သော နောက်လူများအတွက် ဗဟုသုတအလို့ငှာသာ စဉ်းစားဉာဏ်သဖွယ် ထည့်သွင်းခြင်းမျှသာ ဖြစ်သည်။ အကျိုးအပြစ်နှင့် ဝေဖန်ခြင်း၊ ထိုသို့ တီထွင်အပ်ခြင်း မအပ်ခြင်းတို့ကို တစ်စုံတစ်ရာမျှ ရည်ရွယ်ခြင်း မရှိပေ။

မျှတခြင်း (သမ္မာပါသ) လူတို့အား ထောက်ပံ့ခြင်းသဘောလေးရပ်သည် ဘုံဝါဒ (ယခုခေတ်စကားအရ ဆိုရှယ်လစ်ဇင်သဘော) သည် အတော်ပင် ခဲယဉ်းသလို ဖြစ်နေမည်လား။

လူနှင့် လူချင်းကား ဖော်ရွေစွာ ပေါင်းသင်းခြင်းကို မဆိုနှင့်ဦး၊ ပေါင်းသင်းရန်ပင် စဉ်းစားမရသလို ဖြစ်နေပေသည်။ သဘောမှာ ဤသို့ ဖြစ်သည်။

ရပ်ကွက်တစ်ခု၌ အရပ်မှ လူကြီးဂုဏ်မြင့်မားသူတစ်ယောက်သည် အလွန်ဆင်းရဲနွမ်းကျသော အိမ်တစ်အိမ်သို့ဝင်၍ မင်းတို့ လက်ဖက်ရည် ပူသေးသလား၊ ငါ့ဖို့ တစ်ခွက်ငှဲ့စမ်းဟု ဝင်ရောက်ကာ သောက်ကြ၏။ ဤကား လက်ဖက်ရည်သောက်လို၍ မဟုတ်။ ရွေဖော်စွာ ပေါင်းသင်းခြင်းဖြစ်၏။ ထို့အတူ ထိုမြို့ရှိ အရေးပိုင်တစ်ယောက်၊ အရာရှိတစ်ယောက်၊ ဗိုလ်ကြီးတစ်ယောက်သည် ရောနှောနိုင်ပါ့မလား။ (ထိုသဘောကိုလည်း စဉ်းစားရမည်)

အရပ်တစ်ရပ်၌ ငွေရှင် (ချမ်းသာသူ) တစ်ယောက်သည် ဆင်းရဲနွမ်းကျနေသော ရပ်ကွက်တစ်ခုရှိ ဆင်းရဲသောအိမ်တစ်အိမ်သို့ ရောက်သွား၏။ ထိုအိမ်မှာ စံပွားခွန်ပေးရန် မရှိသဖြင့် ပူနေ၏။ ညစာချက်

mgyoe.com

mgyoe.com

ပြုတ်ရန်လည်း ဆန်၊ ဆီတို့ မရှိသေး။ ထိုအခါ ထိုလူချမ်းသာက ဟာ ကွယ်... ပူမနေနှင့် ရော့ရော့ ဟု ငွေကို ထုတ်ပေးလိုက်၏။ ထိုသဘော ကား ထိုသူ့ထံမှ တစ်စုံတစ်ရာသော အမြတ်အစွန်းကို လို၍မဟုတ် ရင်းရင်းနှီးနှီး ဆက်ဆံမှုဖြင့် သူ့မှာရှိသောငွေကို အဖိုးတန်စေခြင်းဖြစ်၏။ ငွေပိုကို သူတစ်ပါး၏ အကျိုးအတွက် မရင်းနှီးနိုင်၊ မရင်းနှီးတတ်လျှင် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းမည်သည် မဖြစ်နိုင်ပေ။

ထိုသို့သောသဘောကို မူထားကာ စဉ်းစားတည်းဖြတ်သော် ဖော်ရွေစွာ ပေါင်းသင်းခြင်း၊ ရင်းနှီးစွာ ဆက်ဆံခြင်းတို့သည် စာနှင့်ရေး၍ လွယ်သလောက် စကားနှင့်ပြော၍ လွယ်သလောက် လုပ်ကိုင်ရာ၌ကား အတော်ပင် ခဲယဉ်းလေသည်။

ယင်းကဲ့သို့ ဖြစ်နေ၍ ကမ္ဘာခေတ်သစ်၌ ဆိုရှယ်လစ် ခေတ်စားနေ သဖြင့် အချို့နိုင်ငံတို့သည် ဆိုရှယ်လစ် တည်ထောင်ကြ၏။ ထိုသို့ တည်ထောင်ရာ၌ အဖြူပေါ်တွင် အနက်ထင်၍ ဖတ်နာရန် ကောင်းစား စေကာမူ ဆိုရှယ်လစ် တည်ထောင်ရာ ဖက်ဆစ်သဘော ရောက်သွား၍ တိုင်းပြည်သည် နိမ့်ဆင်းသွားပြီးသော် အငတ်ပြဿနာပင် ဆိုက်လု မတတ် ဖြစ်ချေသည်။ (ဆိုရှယ်လစ် တည်ထောင်ရာ၌ ဖက်ဆစ်ဖြစ် သွားတတ်သည်)

ကျွန်ုပ်သည် ဖက်ဆစ်ဟု ဖော်ပြ၏။ ဖက်ဆစ်သည် အာဏာ နှင့်အုပ်ချုပ်မှု ဖြစ်သဖြင့် ကမ္ဘာခေတ်လူသစ်တို့ မကြိုက်။ ကျွန်ုပ်လည်း ကျွန်ုပ်ကိုး အဘယ်မှာ ကြိုက်မလဲ။ သို့သော် သာဓကတစ်ခုကို ရှုရန် တင်ပြမည်။

မြေလတ်ပိုင်း မြို့တစ်မြို့မှာ ငါးလုပ်သူများက ငါးများကို တောင်း ကြီးတောင်းငယ်နှင့် ဈေးသို့ယူလာ၏။ ဈေးက ဖောက်သည်များက ထိုငါး ယူလာသူများကို ဝိုင်းထား၍ ယူကြ၏။ ငါးဝယ်စားလိုသူတို့ မဝယ်ရဘဲ ဝိုင်းကာ ငေးနေကြရ၏။

ထိုဖောက်သည်ယူသော ငါးသည်များကို သူတို့ ငါးရပြီးမှ ငါး ထဲတွင် ရေထည့်၍ မတန်မဆဈေးကြီးနှင့် စားသုံးသူများကို ရောင်းချ

mgyoe.com

mgyoe.com


၏။ ဤသည် ကောင်းသလော။

ထိုထိုသို့သော သဘောကြောင့် ခေတ်အလျောက် ရွှေဖော်စွာ ပေါင်းသင်းပြီးလျှင် နီးနီးရင်းရင်းဆက်ဆံပါ (ဆိုရှယ်လစ်၊ ဆိုရှယ်လစ်ဇင်) ဘုံသဘောတို့ကို စာတိုစာရှည် ရေး၍ ဖတ်နာကာ ရေရွတ်နေမည်လား၊ အာဏာနှင့် (ဖက်ဆစ်သဘော) လူထုအကျိုးကို ကြည့်၍ ချုပ်ချယ်နှိပ်ကွပ်ကာ ဆောင်ရွက်မည်လားဟူသော ပြဿနာနှစ်ရပ်သည် ဆိုက်နေလေတော့ပြီ။

ပေါင်းသင်းဆက်ဆံရေးနှင့် ဘုံဝါဒသဘောကို ကျွန်ုပ်သည် သည်းထန်စွာ မမာရာမှ နာလန်ထ၍ အားမရှိသေးမီ၊ သေသွားသော အခါ ထိုသဘောသည် မကျန်ခဲ့မည်ကြောင့် 'ရွှေဖော်စွာ ပေါင်းသင်း၍ ရင်းနှီးစွာ ဆက်ဆံရမည်လော။ ယခုခေတ်၌ လောဘမိုး၊ ဒေါသမိုး၊ မာနမိုး စွေနေသော လူညစ်ပတ်တို့အား (ဖက်ဆစ်သဘော) အာဏာနှင့် နှိပ်ကွပ်ချုပ်ချယ်ကာ ပြုမည်လော' ပြဿနာကို စဉ်းစားရန်သာ ရေးလိုက်သည်။

❖

mgyoe.com

mgyoe.com

# (၅)
# လောကလူ့ဘုံတွင်

လောကလူ့ဘုံတွင် တိရစ္ဆာန်များလည်း ရှိကြ၏။ ပက်ကျိ၊ ခရု၊ တီကောင် စသော ပြိတ္တာတို့လည်း ရှိကြ၏။ ပိုးမွှား စသည်တို့လည်း ရှိကြ၏။

ထိုသို့ အမျိုးမျိုးရှိရာတွင် လူ့ဘုံ၌ လူသည် ဉာဏ်ရှိသည့် အားလျော်စွာ ခြယ်လှယ်၍ အဓိကသဘောနှင့် လမ်းသွားကာ ရှိပေ၏။ ရှိသည့်အတိုင်း အမျိုးမျိုးဖန်တီးကာ ရှိပေ၏။ ထိုသို့ ဖန်တီးရန်လည်း အမျိုးမျိုး တွေးတောကြ၏။

ပိုးမွှား စသည်တို့မှာလည်း အသိဓာတ် ရှိ၏။ ကြက်၊ ငှက် စသည်တို့မှာလည်း အသိဓာတ် ရှိ၏။ ခွေး၊ နွား၊ ကျွဲ၊ ဆင် စသည်တို့မှာလည်း အသိဓာတ် ရှိ၏။ လူမှာလည်း အသိဓာတ် ရှိ၏။

လူကိုပင် စဉ်းစားသော် လူချင်းသည် အသိဓာတ်ချင်း မတူချေ။ အချို့၏ အသိဓာတ်သည် စင်း၍ နေ၏။ အချို့မှာ ထွေထူးကာ ရှိ၏။ အချို့မှာ တိမ်၍နေ၏။ အချို့မှာ နက်၏။ အချို့မှာ ရိုးသား၏။ အချို့မှာ ဆန်းပြားကာရှိ၏။ ဤသည် အဘယ်ကြောင့်ဟု စဉ်းစားဖို့သင့်၏။

mgyoe.com

mgyoe.com


ထိုသို့ အသိဓာတ်ချင်း မတူသည်မှာ ပတ်ဝန်းကျင်၏ သဘောကို မှီ၍ ဖြစ်ပုံရ၏။ ပတ်ဝန်းကျင်၏ သဘောမှာလည်း လူကိုသာလျှင် မဟုတ် ကြက်၊ ငှက် တိရစ္ဆာန် စသည်တို့ကိုပင် ပြုပြင်ကာ ရှိချေသည်။

ကျွန်ုပ် တွေ့ဖူးသည်ကို အပျင်းဖြေ သတိထား၍ စဉ်းစားရန် ဖော်ပြမည်။

တောတစ်တော၌ တောကြက်ဖကြီးတစ်ကောင်သည် များစွာသော ကြက်တို့၌ ပျော်ပါးစွာ ကျက်စားနေ၏။ တစ်နေ့သော် ကြက်တည်သမားတစ်ယောက်သည် ထိုကြက်ကို တည်တော့၏။ တည်သော အိမ်ကြက် တိန်ညင်မှာလည်း အလွန်ကောင်း၏။

ကြက်တည်သမားသည် မိမိ၏တည်ကြက်ကို ကိုယ်ရံ၊ ကင်း စသည်တို့နှင့် ညွှန်စိုက်ထားပြီးသော် ကြက်တည်သမားအတိုင်း ပုန်းအုံထဲမှ ပုန်းကာနေတော့၏။

အိမ်ကြက်တိန်ညင်သည် ဒေါပပါနှင့် တွန်တော့၏။ ထိုအခါ တောကြက်ဖကြီးဗိုလ်သည် မိမိ၏နယ်အတွင်း အခြားကြက်တစ်ကောင် လာရောက်တွန်ရာသလောဟု ၎င်း၏ကြက်အုပ်နှင့် အတင်း လိုက်လာတော့၏။

ထိုတောကြက်ဖကြီးသည် အိမ်ကြက်တိန်ညင်ကို မြင်တွေ့သော် အတင်းထိုး၍ ဝင်ကာခွပ်သဖြင့် ကိုယ်ရံညွှတ်တွင် မိတော့၏။ တောကြက်ဖကြီးကား မိမိသည် ညွှတ်တွင်မိကြောင်း သိသောအခါ ရုန်းတော့၏။ ကြက်တည်သမားလည်း အတင်းဝင်၍ ဖမ်းတော့၏။ သို့သော် ညွှတ်မှာ မခိုင်သဖြင့် ပြတ်သွားရာ တောကြက်ဖဗိုလ်ကြီးသည် ပျံသွားလေ၏။ အခြား နောက်ပါကြက်တို့လည်း လန့်၍ ပျံကြလေ၏။

ထိုအခါကစ၍ ထိုတောကြက်ကို မည်သူသည် မည်သို့သော တည်တိန်ညင်နှင့် တည်သော်လည်း ထိုတောကြက်ဖကြီးသည် မလိုက်တော့ချေ။ ၎င်း၏ နေရာကနေ၍ တွန်ပြီးလျှင် ၎င်းထံလာရန် ခေါ်တော့၏။

ထိုတောကြက်ဖကြီးကား ၎င်း၏ပတ်ဝန်းကျင်သဘောက ၎င်းကို

mgyoe.com

mgyoe.com

သွန်သင်ပေးလိုက်သည့်အတိုင်း အသိသဘောသည် ဖြစ်သွားလေသည်။

တစ်မျိုး...။

မင်းတုန်းမြို့နယ်တွင် နာမည်ကျော် အဓိကရမုဆိုးကြီး ဦးသာရောက်သည် ရှိ၏။ ထိုဦးသာရောက်ကား စံတင်စရာသော လူတစ်ယောက်ဟု ယူဆစရာဖြစ်၏။

၎င်းသည် တောထွက်သွားတိုင်း အခြားမုဆိုးတို့ကဲ့သို့ တောတိုင်ခြင်း၊ နတ်တင်ခြင်းတို့ကို မပြုချေ။ တောဦ နတ်ရဲသည်၊ နတ်ကြီးသည်ဆိုသော သစ်ပင်များကိုလည်း ပြုံးသည်။ အလကားနတ်။ နတ်ဆိုတာ လူလို၊ တိရစ္ဆာန်လိုမှ မဟုတ်ဘဲနှင့် ဘာဂရုစိုက်ရမလဲ သီနူတ်မြွက်ကာပင် ပြောဆို၍ ဂရုမစိုက်ချေ။ လုံးလုံး နတ်ကို ဂရုမစိုက်ချေ။ ဆင်ဖမ်းသောအခါမှာပင် ပွဲတင်ခြင်း စသည်တို့ကို မပြုပေ။

၎င်းသည် ဆင်ဖမ်းသော အခါတိုင်းလောက်မှာပင် များစွာ ဆင်များကို ရသည်။ သို့သော် ၎င်းမှာ သစ်လုပ်၍ ကြွေးတင်မှသာ တောဆင်များကို ဖမ်းလေ့ရှိပေသည်။

ထို ဦးသာရောက်သည် တစ်နေ့သော် တောတစ်တောဦ ပြောင်ကြီးတစ်ကောင်ကို ပစ်ရာ ချက်ကောင်းကို မှန်သော်လည်း ထိုပြောင်မှာ ကြီးမားလွန်းသည် ထင်ဟန်ရှိ၏။ သေနတ်မှ ကျည်မစူးချေ။

ထို့ကြောင့် အလွန်လျင်မြန်သော ပြောင်ကြီးသည် ဦးသာရောက်ကို လျှပ်တစ်ပြက်နည်းဖြင့် ခတ်ရန် ရောက်လာရာ ဦးသာရောက်သည် ပက်လက်လှန်၍ ကြည့်နေ၏။ ပြောင်သည် ဦးသာရောက်ကို မခတ်နိုင်ဘဲ နမ်းပြီးသော် ပြန်သွား၏။

ဦးသာရောက်လည်း ပြောင်ကြီးအား နောက်မှနေ၍ ချက်ကောင်းကို ပစ်၏။ ထိမှန်၏။ ကျည်ကား မစူးချေ။ ပြောင်ကား လိုက်လာပြန်၏။ ထိုသို့သောနည်းဖြင့် ငါးခါလောက်ရှိသော် ကျားတစ်ကောင်သည် ပေါ်လာ၏။

ကျားသည် ဦးသာရောက်အား ခတ်ရန်လိုက်သော ပြောင်ကို

mgyoe.com

mgyoe.com


နောက်မှနေ၍ အုပ်ရန်လာ၏။ ပြောင်သည် ကျားကိုခတ်ရန် လိုက်၏။ ဦးသာရောက်က ပြောင်ကို ပစ်၏။ ကျည်မစူး၊ ဦးသာရောက်ထံ ပြောင်သည် လိုက်၏။ ကျားသည် ပြောင်ကို အုပ်ရန် လိုက်၏။ ပြောင်သည် ကျားကိုခတ်ရန် လိုက်၏။ ဦးသာရောက်သည် ပြောင်ကို ပစ်၏။

ဤနည်းဖြင့် အတန်ကြာသော် ကျားသည် ပြောင်၏ ခါးကောက်ကြောကို ဆွဲဖြတ်နိုင်လေ၏။ ဤနည်းနှင့် ပြောင်၏ နောက်ခြေနှစ်ဖက်က ခါးကောက်ကြောကို ကိုက်ဖြတ်မိသောအခါ ပြောင်ကြီး ဝပ်ကာလဲတော့၏။

ဦးသာရောက်သည် ပြောင်၏လည်ပင်းပေါ်သို့ တက်ကာစီး၍ လည်ချောင်းကို ဓားနှင့်ဖြတ်ကာ သတ်ိရလေ၏။

ပြောင် သေသောအခါ ပြောင်ကြီးကိုဖျက်၍ အသားကောင်းများကို ယူပြီးလျှင် နံကပ်သား၊ အရိုး၊ အူ၊ အဆုတ်၊ အသည်းတို့ကို ကျားအား ပေးလေ၏။

ထိုအခါကစ၍ ထိုတောင်၌ ဦးသာရောက်၏ သေနတ်သံကို ကြားတိုင်း ထိုကျားသည် ပေါ်လာလေ၏။ ကျားသည် ဦးသာရောက်ထံမှ အမဲသားဝေစု အမြဲလိုလိုပင် ရနေ၏။

ထိုသဘော၌ သတိပြုရန်မှာ ထိုတောင်၌ အခြားသူများ၏ သေနတ်သံကို ကြားလျှင် ကျားသည် မလာ၊ ဦးသာရောက်၏ သေနတ်သံကိုကြားမှ ကျားသည် လာ၏။ ကျားသည် ဦးသာရောက်၏ သေနတ်သံနှင့် အခြားသူ၏ သေနတ်သံတို့အား ခွဲခြားသိသည်ကို စဉ်းစားစရာ ဖြစ်ချေသည်။

သရုပ်ကား ဤသို့တည်း။

သတ္တဝါတိုင်းမှာ ပတ်ဝန်းကျင် ရှိသည်။ ထိုပတ်ဝန်းကျင်သဘောကို ရန်သူ မိတ်ဆွေ၊ ကောင်း မကောင်း၊ သင့် မသင့်၊ လျော် မလျော်ကို အသိသဘောသည် ဆောင်နေပေသည်။ ကျွန်ုပ် ဥပမာသဘော ဆောင်ခဲ့သော တောကြက်နှင့် ကျားသည် ပတ်ဝန်းကျင်မှာ ချင်းတို့ တွေ့ရသော အသိသဘောကို ချင်းတို့ အသုံးပြုတတ်ခြင်းသဘော ဖြစ်သည်။

mgyoe.com

mgyoe.com


လူတို့မှာလည်း ပတ်ဝန်းကျင်မှ တွေ့ရသော သဘောတို့ကို အကျိုးရှိအောင် သုံးသပ်ရန်ကို သတိပြုသင့်သည်။ ကျွန်ုပ်သည် လူ တတ်လုပ်၍ လောကလူ့ဘုံကို ရေးသည်မဟုတ်။ သဘောများကို နှီး နှောခြင်းသဘောနှင့်သာ ရေးသည်။

လူ့ဘုံဆိုသည့်အတိုင်း လူ့လောကကို လူသည် ရှေ့ဆောင်ကာ ပြုပြင်လျက် ရှိချေသည်။ ထိုသို့ ရှေ့ဆောင်ကာ ပြုပြင်ရာတွင် ပတ်ဝန်း ကျင် သဘောတို့ကို အသုံးပြုခြင်းမှ မကင်းရာ မကင်းကြောင်း ဖြစ်တတ် ပေသည်။

ထိုသို့ဖြစ်တတ်ရာတွင် လူတို့သည် အများအားဖြင့် ဂုဏ်ရှိသူ၊ ဂုဏ်ကြီးသူဟု ပညတ်တင်ထားခြင်းကို မြင်တတ်လေသည်။

လူတို့သည် (ဝါ) လက်အောက်ခံ လူမျိုးအဖြစ်နှင့် နေလာခဲ့ သော လူမျိုးတို့သည် ဥရောပတိုက်သားများကို နယ်ချဲ့၊ အရင်းရှင်၊ အမြတ်ကြီးစား၊ ခေါင်းပုံဖြတ်ဟု ဆဲခဲ့ကြသည်။ အများအားဖြင့် ဆဲ သောသူတို့ များကြသည်။ ထိုဆဲခြင်းသည် အဘယ်ကြောင့် ဆဲသနည်း။ သက်သက်မဲ့ မနာလိုဝန်တိုသောကြောင့် ဆဲသလော။ သဘောနက်ကို သိ၍ နယ်ချဲ့ခြင်းသည် မည်သို့၊ သွေးစုပ်ခြင်း မည်သို့၊ အမြတ်ကြီး စားခြင်းသည် မည်သို့ဟု သိခြင်းကြောင့် ဆဲသလော။ လေးလေးနက် နက် သတိပြုရမည်။

များသောအားဖြင့် ဥရောပတိုက်သားတို့သည် နယ်ချဲ့ခြင်း၊ သွေး စုပ်ခြင်း၊ အမြတ်ကြီးစားခြင်းတို့ ရှိခြင်းကြောင့် မကောင်း၊ ညစ်ဆိုး သည်ဟု ထားတော့။ ၎င်းတို့၏ အပြုအမူသည် ကယ်တင်ခြင်းကော မပါဘူးလား။ ဤသည်ကိုလည်း သတိမထားသင့်ပေဘူးလား။ စင်စစ် ၎င်းတို့သည် ပတ်ဝန်းကျင်သဘောနှင့် ပုံ့နှံ့လာခြင်း ဖြစ်၊ မဖြစ်ကို သတိပြုရမည်။

အိန္ဒိယပြည်ကြီးကိုပင် ဥပမာပြမည်။ အင်္ဂလိပ်တို့သည် အိန္ဒိယ သို့လာရောက်၍ နယ်မချဲ့သော်၊ သွေးမစုပ်သော်၊ အမြတ်ကြီး မစား သော် အိန္ဒိယ၌ အမျိုးမြတ်သူ၊ အကျင့်မြတ်သူဟု အယူရှိသော အမျိုး

mgyoe.com

mgyoe.com


သမီးကြီးများ အချို့သည် လင်သေသော် မယား မီးပုံတွင်းသို့ ဆင်းလိုက်ရသော အယူ၊ လင်သေ၍ သားသမီး မကျန်ခဲ့သော အမျိုးသမီးအချို့သည် ဘုရားဝတ်ကျောင်းသို့ ဝင်ရောက်၍ ကချေသည် လုပ်ရသော အယူ၊ ဘုရားပွဲလှည့်ရာ၌ ရထားရှေ့ကနေ၍ အသေခံသော အယူစသည့် အယူတို့သည် လွယ်လွယ်ကူကူနှင့် ပပျောက်ပါ့မလား။ ကျေးကျွန်စနစ်သည် လွယ်လင့်တကူနှင့် ပပျောက်သွားပါ့မလား။

အမေရိကန်ပြည် ဈေးကွက်ရှာခြင်း သဘောနှင့် နယ်ချဲ့လို၍ ဒေါက်တာ စွန်ယက်ဆင်ကို အားပေးသဖြင့် ဒေါက်တာ စွန်ယက်ဆင်သည် မန်ချူးမင်းဆက်ကို ဖြုတ်ချ၍ တရုတ်ပြည်ကြီးကို သမ္မတနိုင်ငံ တည်ထောင်လိုက်နိုင်ပေသည်။

ထိုသို့ တည်ထောင်လိုက်နိုင်ခြင်းကြောင့် တရုတ်မများ (ဝါ) ဂုဏ်ရှင်တရုတ်အမျိုးသမီးများတို့သည် ခြေစည်းရသော အလေ့အထနှင့် ခေါင်းတွင် ကျစ်ဆံမြီးထားခြင်း အလေ့အကျင့်သည် ပျောက်ကွယ်သွားရလေသည်။ အခြား ပြောင်းလဲသွားသော သဘောတို့လည်း များစွာရှိပေသေးသည်။

စင်စစ် မည်သို့ပင် အစွန်းထွက်ကာ ရှိနေသော်လည်း နယ်ချဲ့ခြင်းနှင့် သွေးစုပ်ခြင်းသည် မကောင်းဟုပင် ယူဆလော့။

နယ်ချဲ့ခြင်း၊ သွေးစုပ်ခြင်းသည် မကောင်း၍ နယ်ချဲ့သော သွေးစုပ်သော လူများသည် မကောင်းဟု ယူဆရပေလိမ့်မည်။ မကောင်းသောသူများ၏ အတုကို မကောင်းပြောသောသူသည် အဘယ်ကြောင့် ယူသလဲ။ မိမိ၏ခေါင်းကို မိမိ စမ်းသပ်ကြည့်။ သျှောင်ကြီးဖွေး၊ ခေါင်းတုံးတို့မပြုဘဲ၊ ဗိုလ်ကေ ထားသလဲ။ ဤတစ်ခုသော အမေးကိုပင် ဖြေစမ်း။

များစွာသော မကောင်းညစ်ဆိုး နယ်ချဲ့သည်ဆိုသော လူမျိုးတို့၏အတုကို အဘယ်ကြောင့် ယူကြသလဲ။ ဤသည်ကို တစိမ့်စိမ့် တွေး၍ ဖြေကြည့်လော့။ မကောင်းညစ်ဆိုးသောသူများမှာ မကောင်းညစ်ဆိုးခြင်းသာ ထွက်လာသလား။ ထွက်လာခဲ့ချေသော် မကောင်းညစ်ဆိုးသော သူတို့၏ အတုကိုယူခြင်းသည် မိမိလည်း မကောင်းလိုသော

mgyoe.com

mgyoe.com


ကြောင့်လား၊ ဘာကြောင့် မကောင်းလိုသလဲ၊ နယ်ချဲ့လို၍လား၊ သွေးစုပ်လို၍လား၊ အမြတ်ကြီးစား လို၍လား။

သို့တည်းမဟုတ် ၎င်းတို့မှာလည်း အကောင်းရှိသေး၍ ကောင်းသောအတုအပကို ယူခြင်းပါဟု ဆိုမည်လား။

ထိုသို့သော သဘောတို့ကို ကျွန်ုပ်သည်ကား မည်သို့မျှ မဝေဖန်ပါ။ အဘယ်ကြောင့်ဆိုသော် လူတို့မက်သည့် ဂုဏ်ရှိသောသူ၊ ဂုဏ်ရှိသည်ဟု ထင်သောသူတို့ကိုသာ မြင်တတ်ခြင်းသည် သဘာဝဖြစ်နေခြင်းကြောင့် ပတ်ဝန်းကျင်သဘောတစ်ခုဟုသာ ယူဆပါသည်။

ဥရောပတိုက်သားတို့သည် ကမ္ဘာကိုဖြန့်၍ အုပ်စိုးခဲ့သည်။ ထို့ကြောင့် ၎င်းတို့၏ အတုအပတို့ကို အုပ်စိုးခံရသူ တစ်စုနှင့် နိမ့်ကျနေသောသူ တစ်စုတို့က အကောင်း အမွန်အမြတ်ဟု ယူဆမည်ဆိုလျှင်လည်း ဝေဖန်ရန် သင့်မည်မထင်။

သို့လင့်ကစား စိတ်နေစိတ်ထား အယူဝါဒတို့ကို ယူဆခြင်းကားမည်သို့ဟု တည်းဖြတ်ရန် လိုကောင်း လိုပေလိမ့်မည်။

ထိုသွေးစုပ်သူ၊ နယ်ချဲ့သဘောတို့တွင် ပါဝင်သော သူမျိုးတို့၏ အယူဝါဒမှာ ရေနှင့် ကောင်းကင်ဘုံ ရှိသော်လည်း သံသရာ မရှိချေ။ ဘုရားသခင်ကို ယုံကြည်၍ ဆုတောင်းခြင်း၊ ဝတ်ပြုခြင်း မြဲသော် ဘုရားနှင့်အတူ ကောင်းကင်ဘုံမှာ စံရသည်ဟု ယူဆသောကြောင့် လောကကျင့်ဝတ်ကောင်းများကို ကျောပေးထားသကဲ့သို့ ဖြစ်ချေသည်။

အချို့နယ်ချဲ့လူမျိုး အပါအဝင် ပညာရှိဆိုသူ အချို့မှာ (ဘာသာသာသနာမရှိ) ဘုရားမရှိ။ လူသေလျှင် ဘဝဆုံးပြီဟု အယူရှိကြသည်။ ထိုအယူမှာ လောက၌ ကျင့်ဝတ္တရားကောင်းပင် မရှိရအောင် သဘောသက်ရောက်သွားပေသည်။ (ဤဘဝဆုံးသော် လောက၌ မိမိ ကောင်းစားရန်သာ ဆောင်ရွက်ဖို့ရှိတော့သည်)

အခြားတိုင်းပြည်၊ အခြားလူမျိုးတို့ကို မည်သို့လျှင် မပြော မဆိုလိုပါ။ မိမိတို့၏ အမျိုးသားပညာရှိဆိုသူ အဆင့်အတန်းမြင့်သောသူတို့သည်လည်း သွေးစုပ်ကောင်၊ နယ်ချဲ့လူမျိုးတို့တွင် ပါဝင်သော

mgyoe.com

mgyoe.com


ပညာရှိဆိုသူတို့၏ ပြုပြင်သောမှုနည်းတို့ကို သဘောကျ နှစ်မြို့က်သူတို့ ရှိနေပေသည်။

ကျွန်ုပ်သည် ကျောင်းကထွက်လာ၍ လူ့အခန်းသို့ ဝင်လာသော အခါ ဘုရားရှိခိုးကျောင်းသို့ သွားသောသူများကို ပြုံးခဲ့သည်။ ဥပုသ်စောင့်၊ ဘုရားရှိခိုးသော သူများကို မျက်စိမှိတ်၍ လမ်းသွားသူ သို့မဟုတ် အယောင်ဆောင် လူညာဟု ယူဆမိခဲ့သေးသည်။ စင်စစ် ဘာသာ သာသနာ မရှိခြင်းကို သဘောကျခဲ့သည်။ သို့သော်လည်း ဘာသာ သာသနာ ရှိသူများနှင့် ဖော်ဖော်ရွေရွေ ရောရောနှောနှော ရင်းရင်းနှီးနှီးပင် ဆက်ဆံခဲ့ပါသည်။

ယခု စဉ်းစားတည်းဖြတ်ရန် တင်ပြတော့မည်။

ကြက်ငှက် အဖို အမ ရှိ၍ ကြက်ငှက် ပေါက်ပွားသည်။ နွားထီး နွားမ၊ ကျွဲထီး ကျွဲမ ရှိသောကြောင့် နွား၊ ကျွဲ ပေါက်ပွားသည်ထား တော့ မျက်မြင်ပေကိုး။

ရှေးဦးစွာ ကြက်ငှက် အဖို အမသည် ဘယ်ကလာသလဲ။ ရှေးဦး စွာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ကျား စသည့် တိရစ္ဆာန် အဖို အမတို့သည် ဘယ်ကဘယ်လို ဖြစ်လာသလဲ။ သေသွားသော် ၎င်းတို့ တစ်ဆင့် ဖြစ်ရန်မရှိ။ ဘဝ ဆုံးပြီ၊ တုံးတိနေပြီ။

ယောက်ျား မိန်းမ ရှိ၍ လူပေါက်ပွားသည်။ ရှေးဦးစွာ ယောက်ျား မိန်းမသည် ဘယ်က ဘယ်လို ဖြစ်လာသလဲ။ သေသွားသော် ဘဝ တုံးပြီ။

ငါးသည်လည်းကောင်း၊ မျောက်သည်လည်းကောင်း၊ ဝံသည် လည်းကောင်း၊ ပိုးမွှားသည်လည်းကောင်း၊ မြွေသည်လည်းကောင်း သေသွားသော် ဘဝတုံးပြီ။ ရှေးဦးစွာ လူသည် ဘယ်က ဘယ်လို ဖြစ်လာသလဲ။ စဉ်းစား။

၎င်းကို ယဉ်ကျေးခြင်း အဆင့်အတန်း မြင့်လာသောအခါ အချို့ အချို့ ကြက်တွန့်တက်လိုသော သူတစ်စုတို့က ပညာရှိ ဆိုသူတို့အား (ဝါ) ဂုဏ်ရှင်တို့အား လူ စသောသတ္တဝါတို့သည် ဘယ်က ဖြစ်လာ

mgyoe.com

mgyoe.com


သလဲဟု မေးကြပြီ။ ပညာရှိဆိုသူတို့မှာ ခံတွင်းမရှိသကဲ့သို့ဖြစ်၍ လောကမှာ သစ်ပင် တောတောင်ရေမြေနှင့်တကွ သတ္တဝါဟူသမျှကို ဘုရားသခင်က ဖန်ဆင်းထားသည်၊ ဘုရားသခင့် အလိုအတိုင်း ဖြစ်ရသည်ဟု အစတုံး၊ ဆင်ခြေတုံး၊ အစဉ်းစားတုံး တီထွင်ခြင်းက စလာပုံရှိသည်။

ထိုသဘောကြောင့် အနောက်နိုင်ငံ မြေထဲပင်လယ်ကမ်းခြေရှိ တိုင်းပြည်များ ကောင်းစားစဉ်အခါ အတတ်ပညာသည် ခေတ်အလျောက် ထွန်းကားရန် စလာလေသည်။ ထိုအခါ ပညာရှိကြီးက ကမ္ဘာသည် လုံးသည်။ ကမ္ဘာသည် တစ်ပတ်လည်၍ နေ့နှင့်ညဖြစ်သည်။ ကမ္ဘာသည် နေကို လှည့်သွားသည်။ နေသည် မသွားဟု သင်ကြားလာသဖြင့် ထိုပညာရှိကြီးကို ဘုရားသခင်ရန်သူဟု ကားစင်မှာတင်၍ သတ်လေသည်။ ၎င်း၏ ဂိုဏ်းသားများ၊ တပည့်များ အခြားတိုင်းပြည်သို့ ထွက်ပြေးရသည်ဟု ကျောင်းတွင် ပညာရာဇဝင်ကို သင်ရစဉ်က သင်ကြားခံယူခဲ့ရသည်။

ယခု ပညာသင်ကြားရေးသည် တိုးတက်၍လာသောကြောင့် အချို့ ပညာရှိက ဘုရားသခင် မရှိ၊ သာသနာသည် သွေးစုပ်သူ ခေါင်းပုံဖြတ်သူတို့က တည်ထောင်သည်ဟု ဆိုခြင်းကို သဘောကျသူတို့ ရှိရုံမက ထွန်းကားလာလေသည်။ ထိုသူတို့မှာ ဘာသာ သာသနာ မရှိတော့ပေ။ လူသေသော် ဘဝ ဆုံးပြီ။ ယောက်ျား မိန်းမက လူမွေးသည်၊ တိရစ္ဆာန် အထီး အမက တိရစ္ဆာန် ပေါက်ပွားသည်ဟု ဖြစ်လာသည်။ အဦးဆုံး လူထီး လူမ၊ တိရစ္ဆာန်အထီး အမသည် ဘယ်က ဖြစ်လာသည်ဟုကိုကား ထိုသူတို့သည် အစမရှာနိုင်ကြတော့ပေ။

သိပ္ပံပညာဟု အမည်ပညတ်ထားသော လောကဓာတ်ပညာသည် တိုးပွား တိုးတက်လာပြန်သဖြင့် လထဲသို့ပင် သွားရောက်နိုင်သည်ဟု ဖြစ်လာပြန်ပြီ။ ထိုမျှမက သောကြာဂြိုဟ်ထဲသို့ပင် ဝင်ရောက်ရန် ကြိုးစားဖို့ စကားဖြစ်လာပြန်ပြီ။

ထိုသဘောအချုပ်ကား ငါ နယ်ချဲ့ဟု ဝန်ခံရာ ရောက်၊ မရောက်ကို စဉ်းစားသင့်သည်။

mgyoe.com

mgyoe.com


ဤသည်တို့ကို ချီးကျူး၍ သဘောကျသော လူပေါင်းများစွာ ရှိနေပေသည်။ အားကိုးအားထား ပြုနေသောသူပေါင်းလည်း များစွာ ရှိကောင်းရှိပေမည်။ သို့သော် ၎င်းကို စဉ်းစားရမည်။ နယ်ချဲ့သူကို ချီးကျူးရမည်လော။

လသည် ကမ္ဘာကဲ့သို့ပင် ပကတိ အရောင်မရှိပေ။ လထံ နေရောင်က အရောင်ဟပ်နေသဖြင့် ပြန်လာသော အရောင်ကို ဤကမ္ဘာ ကနေ၍ မြင်ရခြင်းအားဖြင့် ပြန်လာသောအရောင် ရှိသည်ဟု ထင်ရ ပေသည်။

ဤသို့ဖြစ်ရာ လသို့ နေက အရောင်ကျခြင်းနှင့် ကမ္ဘာသို့ နေက အရောင်ကျပုံခြင်းသည် မတူပေ။ ကမ္ဘာသို့ နေက အရောင်ကျခြင်းမှာ တစ်ဝက် ဖြစ်နေသဖြင့် တစ်ဝက်သည် နေ့ပိုင်းဖြစ်သော် တစ်ဝက်သည် ညပိုင်း ဖြစ်နေပေသည်။ လသည်ကား ကမ္ဘာကို ပတ်၍နေသောကြောင့် နေက လသို့ အရောင်ကျခြင်းမှာ တစ်လတွင် အထက်ပိုင်းသို့ တစ်ကြိမ်၊ အောက်ပိုင်းသို့တစ်ကြိမ် ကျရောက်ပေသည်။ လပြည့်နေ့မှာပင် အောက်ပိုင်းတစ်ဝက်သာ နေရောင်ရပေသည်။

အကယ်၍ လထဲသို့ လူရောက်သွားသောအခါ အလင်းရောင် မကျသောအပိုင်းသို့ ရောက်သွားလျှင် မည်ကဲ့သို့ တွေ့ရမည်ကို မှတ်ည် ၍ စဉ်းစားသွားရပေလိမ့်မည်။ ကျွန်ုပ်သည်ကား ကမ္ဘာအကြောင်း၊ လအကြောင်း၊ နေအကြောင်းကို ရေးနေခြင်းမဟုတ်၊ လထဲသို့ လူ ရောက်သွားခဲ့သော် ဟူသောသဘောကို စဉ်းစားကြရန် ဖော်ပြခြင်းမျှသာ ဖြစ်သည်။

နေရောင်ခြည်သည် ကမ္ဘာကိုကျခြင်းဖြင့် ဂျပန်ပြည်မှာ ညနေ စောင်းသော် မြန်မာပြည်မှာ မွန်းတည့်ချိန်ခန့်၊ အင်္ဂလန်မှာ နံနက် စောစောကြီး ဝေလီဝေလင်း၊ အမေရိကန်မှာ ည တစ်ဆယ့်တစ်နာရီခန့် ဤကဲ့သို့ ဖြစ်နေပေသည်။

လေယာဉ်ပျံနှင့် ခရီးသွားနိုင်စေကာမူ အချိန်ကို ခန့်မှန်းကာ ဤကမ္ဘာပေါ်တွင် ခရီးသွားတတ်ဖို့ လိုပေသေးသည်။

mgyoe.com

mgyoe.com

အကယ်၍ လထဲသို့ လူသွားရောက်နိုင်ပြီးအံ့။ နေရောင်မရသော အပိုင်းသို့ ရောက်သွားသော် တွေ့ရမည့်သဘောကို စဉ်းစားပါလေ။

တစ်ဖန် သောကြာဂြိုဟ်အပေါ်၌ ထည့်သွင်းစဉ်းစားလာကြပြန်သည်။ သောကြာဂြိုဟ်မှာ အရောင်ရှိသည်ဟု ဆုံးဖြတ်ကြသည်။ ထိုအရောင်သည် နေရောင်ကဲ့သို့ ဖြစ်နေမည်လား၊ ပူသလား၊ အေးသလားဟု စဉ်းစားစရာ ဖြစ်လာသည်။ ပူနေသော် သောကြာဂြိုဟ်သို့ သွားရောက်ရန် မည်သို့ ယူဆမလဲ။

ကမ္ဘာ၌ ဆေးဆရာဝန်များနှင့် လောကဓာတ်ဆရာများကို မည်သူကမျှ မဝေဖန်နှင့်။ ဆေးဆရာတစ်ယောက်က သေလုနီး လူမမာကို ကျန်းမာရေး လုံလောက်သည်ဟုဆိုသော် အားလုံးသော ဆရာဝန်များက လုံလောက်ကြသည်။ အားအင်နှင့်ပြည့်စုံသော အလုပ်သမားကြီး တစ်ယောက်အား နှလုံးရောဂါရှိသည်၊ ကျန်းမာရေး မလုံလောက်ဟု ဆရာဝန်တစ်ယောက်က မှတ်ချက်ချထားသော် အားလုံးသော ဆရာဝန်များက ၎င်းအတိုင်းပင် ပြောဆိုကြသည်။

လောကဓာတ်ဆရာများမှာလည်း ထိုသဘောအတိုင်း ဖြစ်သည်။ လောကဓာတ် (ဝါ) သိပ္ပံဆရာကြီး ပါရဂူတစ်ယောက်က ဖြစ်စေ၊ လောကဓာတ်ပညာ ဘွဲ့ကြီးတစ်ခုက ဖြစ်စေ ပြောဆိုလိုက်သော စကား၊ အလုပ်တို့ကို ဆန့်ကျင်ဘက် ပြုမူပြောဆိုခြင်း ကင်းသလောက်ပင် ဖြစ်ချေသည်။

ထို့ကြောင့် သာမန်သော ကျွန်ုပ်ကဲ့သို့ လူစားများသည် လောကဓာတ်အခြေခံပညာများနှင့် တည်းဖြတ်၍ အရာရာတွင် စဉ်းစားဖို့ သင့်ချေသည်။

စင်စစ် သဘာဝကား လောကမှာ ပေါ်ပေါက်သမျှတို့သည် လောကမှ ဖြစ်ပျက်လှုပ်ရှားလာသည့် ပတ်ဝန်းကျင်သဘောမျှသာ ဖြစ်ချေသည်။ ထိုသို့သော သဘောများတို့တွင် လောက၌ မျက်မြင်ဂုဏ်ကြီးသော၊ ဂုဏ်မြင့်သောသူတို့၏ အယူဝါဒများကို သာ၍

mgyoe.com

နှစ်သက်သဘောကျသောသူတို့လည်း ရှိဖူးသည်။

အချို့သော သူတို့သည် မိစဉ်ဘစိုက်ကစ၍ မိဘများသည်ပင် လျှင် ဗုဒ္ဓဘာသာ ဖြစ်တုံလျက် ဥရောပတိုက်မှ မတ်က(စ်)သည်ပင် လျှင် ဂေါတမမြတ်စွာဘုရားထက် သာသည်။ အဘယ်ကြောင့်ဆိုသော် ဂေါတမဘုရားသည် အဘယ်သူသည် အဘယ်လုပ်ငန်းကို လုပ်သော် ချမ်းသာကြွယ်ဝမည်ဟု မညွှန်ပြနိုင်။ မတ်က(စ်)ကကား အဘယ်သူ သည် အဘယ်လုပ်ငန်းနှင့် အသက်မွေးသော် ကောင်းစားနိုင်သည်ဟု ညွှန်ပြနိုင်သောကြောင့်ဟု ပြောဆိုရေးသားသည်ကို တွေ့ရဖူးသည်။ စင်စစ်ကား ၎င်းသည် လောကရေးအတွက် အတော် လိုပေသေးသည်။

ထိုသို့သဘောနှင့် ပတ်သက်၍ နာရဒဇာတ်တော်ကြီး ဝတ္ထုကို ကျွန်ုပ် တင်ပြမည်။ ပတ်ဝန်းကျင်သဘောသည် လိုနေသောသူတို့ကို စိတ်ဖောက်ပြားစေတတ်သည်။

ယခု ကျွန်ုပ် တင်ပြမည်ကိုပင် အချို့သော ပညာရှိ၊ ပညာတတ် လူငယ်များက ဒဏ္ဍာရီပါ၊ အပျင်းပြေဖတ်ရန် အလကားဝတ္ထုပါဟု ပုတ်ကောင်း ပုတ်ပေမည်။ သို့ရာတွင် လေ့လာကြည့်ရှုသင့်ပေသည်။

ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်၌ အင်္ဂတိမင်းကြီးမှာ ဝိဇယ၊ သုနာမ၊ အာလာတ မည်သော အမတ်ကြီးတို့နှင့် မင်းစည်းစိမ်ကိုယူ၍ ငြိမ်းချမ်းစွာ စံစားနေ၏။

ထိုအခါ တစ်နေ့သော တန်ဆောင်မုန်းလပြည့်နေ့၌ လပြည့်ဝန်း နေ့ညအဖို့ မည်ကဲ့သို့ ပြုကျင့်သော် တင့်တယ်လျောက်ပတ်အံ့နည်းဟု အင်္ဂတိမင်းကြီးသည် ၎င်း၏ ပညာရှိ အမတ်ကြီးများနှင့် နှီးနှောရာ အာလာတ စစ်သူကြီး အမတ်သည် ၎င်း၏ ဆည်းပူးခဲ့သော အထုံနှင့် ပတ်ဝန်းကျင် ၎င်း၏သဘောအရ ဤသို့တင်လေ၏။ (၎င်းကို သတိပြု)

ထိုနေ့ည၌ အရှင်မင်းကြီး၏အလိုသို့ မလိုက်သေးသော သူတို့ အားလည်းကောင်း၊ မအောင်သော သူတို့အားလည်းကောင်း နှိမ်နင်း ကာ အောင်မြင်၍ အသရေကို ယူသင့်ပေသည်။ ဤကား ကျွန်ုပ်၏ အလိုပေတည်း။

mgyoe.com